# မှန်

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 October 2017 (၉၀၇၄)


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

# ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခြင်းကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သော်လည်း အတားအဆီးမရှိသည့် ဝင်ပေါက်များမှ အကြမ်းဖက်နှင့်ဆက်စပ်နေသူများ ဝင်ရောက်လာနိုင်၍ အထူးဂရုစိုက်

နေပြည်တော် အောက်တိုဘာ ၁၀

**နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးကျော်တင်၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးကျော်မျိုး၊ ဦးမောင်မောင်ဝင်း၊ ဦးစိုးအောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ထွက်သွားလာလျက်ရှိသော နိုင်ငံခြားသားများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏လုံခြုံရေးကို ထိပါးမှုမရှိစေရေး၊ တရားဥပဒေနှင့်အညီ စာမျက်နှာ ၃ ကော်လံ ၁ သို့

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဆဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ » ၅

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာ အသုံးချရေး ဆွေးနွေး စာမျက်နှာ » ၆

ဂျပန် အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် အမတ်လောင်းရာပေါင်းများစွာ မဲဆွယ်စည်းရုံးကြပြီ စာမျက်နှာ » ၄



ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးသိန်းဆွေတို့ ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် သတင်းမီဒီယာများ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းကြည့်ရှု

စစ်တွေ အောက်တိုဘာ ၁၀

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ အိမ်နီးချင်း ငါးနိုင်ငံမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် အိုးအိမ်၊ ရုံးအဆောက်အအုံ၊ လမ်းတံတားများကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံသားဖြစ်ခွင့်စိစစ်ရေးကတ် NVC လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်။




### ❒ ကမ္ဘာလှည့်ခရီးသည်များမှ

ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးနှင့် စိစစ်ကြပ်မတ်နိုင်ရေးတို့ကို ရည်ရွယ်၍ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ခုနှစ် ဇွန်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၆) ဖြင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း။

လုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆိုင်ရာ မူဝါဒချမှတ်ခြင်း၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများကို လုပ်ငန်းကော်မတီများသို့ ညွှန်ကြားခြင်း၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခြင်း၊ ခေတ်ကာလနှင့် ကိုက်ညီသော နိုင်ငံခြားသားများနှင့်ပတ်သက်သည့် ဥပဒေနှင့် ညွှန်ကြားချက်များကိုရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊ လုပ်ငန်းကော်မတီ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးအား ကာလသတ်မှတ်ခေါ်ယူခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ I 24 / 7 Channel မှ ရရှိသော သတင်းအချက်အလက်များကို အပြန်အလှန်ရယူအသုံးပြုခြင်း ဖြစ်ပါကြောင်း။

ဗဟိုကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီခြောက်ခုဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီတို့ ဖွဲ့စည်းထားရှိပါကြောင်း။

နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ ယခင်အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက် ၃၆ ချက် ချမှတ်နိုင်ခဲ့ပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့်လည်း အစည်းအဝေးများ ပြုလုပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက် ဂိတ်များအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)စသည့် ဂိတ်လေးခု သတ်မှတ်ထားပါကြောင်း၊ ကျန်နယ်စပ်ဂိတ်များ အပါအဝင် ၂၃ ဂိတ်ရှိပါကြောင်း၊ အချို့ ဝင်/ထွက် ဂိတ်များမှာ Border Pass ဖြင့် ဝင်ခွင့်ပြုနေပါကြောင်း၊ Border Pass ပေးရာတွင် ကန့်သတ်နယ်မြေ သတ်မှတ်စာရင်းများ ရှိသင့်ပါကြောင်း၊ Check Gate များ ပြုလုပ်ထားသင့်ပြီး ဝင်ရောက်သည့် ဂိတ်မှပင် ပြန်လည်ထွက်ခွာရန်လိုပါကြောင်း၊ ဝင်သည့်ဂိတ်မှ မထွက်ဘဲ ၎င်းတို့သွားလိုရာခရီးကို သွားရောက်ပြီး အန္တရာယ်ရှိသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သောကြောင့် စစ်ဆေးရေးဂိတ်များတွင် Instrument များ စုံစုံလင်လင်ထားရှိမှသာ Blacklist များ ဝင်ရောက်လာခြင်း ရှိ၊ မရှိ၊ Terrorist ဝင်ရောက်မှု ရှိ၊ မရှိ တို့ကို စစ်ဆေးစောင့်ကြည့်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရန် လျာထားသည့် ဗီဇာ ၁၂ မျိုးအပြင် Reentry Visa၊ Special Visa နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ စသည့် ဗီဇာသုံးမျိုးရှိသည်ကိုလည်း သိရှိရပါကြောင်း၊ ဗီဇာကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနေသကဲ့သို့ ဗီဇာဖြင့် ဝင်ရောက်လာသူများကို လုပ်ငန်းကော်မတီခြောက်ခုမှ စနစ်တကျ စစ်ဆေးစိစစ်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ အထူးသဖြင့် Blacklist၊ အကြမ်းဖက်နှင့် ဆက်စပ်နေသည့် Terrorist များအား သေချာစွာစိစစ်နိုင်မှသာ ကာကွယ်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခြင်းကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သော်လည်း လုံခြုံရေးပိုင်းတွင် များစွာဂရုစိုက်ရမည့် အခြေအနေရှိပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ခရီးသွားလုပ်ငန်းများတွင်လည်း ထိခိုက်နိုင်ပြီး အတားအဆီးမရှိသည့်ဝင်ပေါက်များမှ အကြမ်းဖက်နှင့် ဆက်စပ်နေသည့် Terrorist များဝင်ရောက်လာနိုင်ခြင်းကြောင့် လုံခြုံရေးအထူးဂရုစိုက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအား ကာကွယ်စောင့်ရှောက်ပေးနေသလို တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံကို နှောင့်ယှက်ဖျက်ဆီးအန္တရာယ်ပေးမည့်သူများကို အထူးဂရုစိုက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရန် စိတ်ဝင်စားဆုံးနိုင်ငံဖြစ်၍ ဝင်ရောက်မှုကို စေ့စပ်သေချာစွာ စစ်ဆေးခြင်းမပြုပါက လုံခြုံရေးကျိုးပေါက်မှုဖြစ်ခဲ့လျှင် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှု ထိခိုက်ကျဆင်းနိုင်ပါကြောင်း။

ယခင်က ခရီးသွားလာမှု အနှောင့်အယှက်မရှိခဲ့သော်လည်း မောင်တော၊ ဘူးသီးတောင်ဒေသဖြစ်စဉ်များရှိခဲ့ပြီးနောက် လုံခြုံရေးကိုအဘက်ဘက်က စနစ်တကျ လုပ်ဆောင်ပေးရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ ရရှိသည့်သတင်းများနှင့် အခြေအနေပေါ်မူတည်ပြီး အစည်းအဝေးကို လိုအပ်ပါက မကြာမကြာလုပ်သွားမည်ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက် ၃၆ ခု၏ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ယခင်တွေ့ကြုံရသည့် အတွေ့အကြုံများအပေါ်မူတည်ပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ အခြားဗီဇာဖြင့် ဝင်ရောက်သောနိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၊ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်အတည်ပြုထုတ်ပေးရေးလုပ်ငန်းကော်မတီ၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတဦးမြင့်ဆွေ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မိဘပြည်သူများသို့ ပန်ကြားလွှာ

၁။ ယခုအခါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ဆောင်နေသူများ၊ အစုရှယ်ယာရောင်းချခွင့်မရှိဘဲ ရောင်းချနေသူများကြောင့် အချို့နေရာဒေသများတွင် မသိနားမလည်သူ ပြည်သူများသည် မှားယွင်းရင်းနှီးမြှုပ်နှံမိရာမှ ငွေကြေးနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ကို ကြားသိရပါသည်။ အလားတူ လုပ်ဆောင်မှုများကို ၂၀၀၂-၂၀၀၃ ခုနှစ်များကလည်း တွေ့ရှိခဲ့ရပါသည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ အောက်ဖော်ပြပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်-

| ငွေကြေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစား | လုပ်ကိုင်ခွင့်ပြုနိုင်သည့် ဥပဒေ | လုပ်ကိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း ပြုနိုင်သည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ဘဏ် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်း ဥပဒေ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) | နိုင်ငံပိုင်ဘဏ် ၄ ခု၊ ပုဂ္ဂလိကဘဏ် ၂၄ ခု၊ စုစုပေါင်းဘဏ် ၂၈ ခု ရှိပါသည်။ |
| ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်း ဥပဒေ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) | စုစုပေါင်း ၁၅ ခုရှိပါသည်။ |
| အသေးစားငွေရေးကြေး ရေးဝန်ဆောင်မှု လုပ်ငန်း | အသေးစားငွေရေးကြေး ရေးဝန်ဆောင်မှုလုပ်ငန်း ဥပဒေ | ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန (FRD) | စုစုပေါင်း ၁၆၈ ခု ရှိပါသည်။ |
| ငွေချေးသက်သေခံ လက်မှတ်လဲလှယ် ရောင်းဝယ်ရေး ကုမ္ပဏီများ | ငွေချေးသက်သေခံ လက်မှတ်လဲလှယ်ရောင်း ဝယ်ရေး ဥပဒေ | ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး (SECM) | စုစုပေါင်း ၆ ခုရှိပါသည်။ |
| အာမခံကုမ္ပဏီများ | အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ | အာမခံလုပ်ငန်းကြီးကြပ် ရေးအဖွဲ့ (IBRB) | နိုင်ငံပိုင် ၁ ခု၊ ပုဂ္ဂလိကပိုင် ၁၁ ခု၊ စုစုပေါင်း ၁၂ ခု ရှိပါသည်။ |

၃။ အစုရှယ်ယာ ရောင်းချခြင်း၊ ဝယ်ယူခြင်းများနှင့်ပတ်သက်၍ အများပြည်သူသို့ အစုရှယ်ယာရောင်းချလိုသူများသည် အများပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့် ရရှိပြီးမှသာ အစုရှယ်ယာ ရောင်းချခွင့်ရှိသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင် စာရင်းဝင်ထားသော အများပိုင်ကုမ္ပဏီများသည် ၎င်းတို့၏ အစုရှယ်ယာများကို ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများမှတစ်ဆင့် ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ် ပြုလုပ်နိုင်သည်။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ ရင်းနှီးမြှုပ်နှံလိုသူများသည် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများမှတစ်ဆင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာများကို ရောင်းဝယ်နိုင်သည်။

၄။ ချေးငွေထုတ်ချေးခြင်း၊ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲလုပ်ငန်းလုပ်ဆောင်ခြင်း စသည်တို့နှင့်ပတ်သက်၍ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ခွင့်ပြုချက်ရရှိထားသော အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုအဖွဲ့အစည်းများ၊ ဗဟိုဘဏ်ခွင့်ပြုချက်ရရှိထားသော ငွေကြေးဝန်ဆောင်မှုကုမ္ပဏီများ၊ Mobile Payment ကုမ္ပဏီများကသာ ဆောင်ရွက်ခွင့်ရှိသည်။

၅။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်မရှိသော ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီများ၊ အစုရှယ်ယာရောင်းချခွင့်မရှိသော ကုမ္ပဏီများကို ဆက်သွယ်ဆောင်ရွက်ခြင်း မပြုကြပါရန်နှင့် အတိုးနှုန်းမြင့်မားစွာပေးမှုများ၊ အစုရှယ်ယာအပေါ် အမြတ်ဝေစုများပြားစွာခွဲဝေပေးမှုများ၊ ဆင့်ပွားဈေးကွက်ပုံစံဖြင့် မက်လုံးပေးမှု (Multi-Level Marketing)များ စသည်တို့ကို အထူးသတိပြုရှောင်ရှားကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဂျပန် အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် အမတ်လောင်း ရာပေါင်းများစွာ မဲဆွယ်စည်းရုံးကြပြီ

**တိုကျို အောက်တိုဘာ ၁၀**
ဂျပန်နိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့် အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် ၁၂ ရက်ကြာ မဲဆွယ်စည်းရုံးရေးကာလမှာ အောက်တိုဘာ ၁၀ ရက်တွင် စတင်ကြောင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလ အစပြုသည့်နေ့မှာပင် အမတ်လောင်းရာပေါင်းများစွာတို့က လမ်းများပေါ်သို့ ထွက်၍ မဲဆွယ်စည်းရုံးလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွှတ်တော်နှစ်ရပ်ရှိ ပါလီမန်၏ တန်ခိုးအာဏာပိုမိုကြီးမားသော အောက်လွှတ်တော်၏ အမတ်နေရာ ၄၆၅ နေရာအတွက် အမတ်လောင်းများက ပါဝင်ယှဉ်ပြိုင်ကာ ရွေးချယ်ခံကြမည်ဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ) သည် ပြန်လည်၍ အုပ်စုဖွဲ့စည်းလိုက်ကြသော အတိုက်အခံအင်အားစုများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို ရရှိနိုင်ရန် ကြိုးပမ်းနေသော အာဘေးက ၎င်း၏ပါတီအနေဖြင့် တည်ငြိမ်မှုရှိသော ခေါင်းဆောင်မှုကို ပေးစွမ်းနိုင်စေမည်ဟု ကတိကဝတ်ပြု ပြောကြားသည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ပိုမို၍ သဘောထားတင်းမာသည့် မူဝါဒကို ချမှတ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုဦးရေ တိုးလာနေသော ဂျပန်လူ့အဖွဲ့အစည်းအတွင်း မျိုးဆက်သစ်လူငယ်များအပေါ် ဝန်ထုပ်ဝန်ပိုး ဖိစီးမှုလျှော့ချနိုင်စေရေးအတွက် လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။ **(ယာပုံ)**

မိမိတို့သည် ကြွေးကြော်သံများကို ဟစ်ကြွေးနေလိုသည်မဟုတ်၊ တိကျခိုင်မာသော မူဝါဒများအတိုင်း တွေဝေမှုမရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ အနာဂတ်ဘဝအတွက် ရည်မြော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဘေးသည် ၂၀၁၂ ခုနှစ် နှောင်းပိုင်းတွင် ဝန်ကြီးချုပ်ရာထူး၌ စတင်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း ယခင်ရွေးကောက်ပွဲများ၏ အကြိုကာလတွင် ဖူကူရှီးမားပြည်နယ်သို့ သွားရောက်လေ့ရှိသည့်အတိုင်းပင် ယင်းပြည်နယ်သို့ သွားရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မြေငလျင်နှင့် ဆူနာမီရေလှိုင်းဘေးကြောင့် ဖြစ်ပေါ်ခဲ့ရသော နျူကလီးယားမတော်တဆမှု၏ အကျိုးဆက်ကို တွေ့ကြုံခံစားခဲ့ကြရသည့် မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

**ကျော်ဒို။**



# လက်ဘနွန်တောင်ပိုင်း၌ ဆောင်ရွက်နေသည့် ကုလငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း တရုတ်နိုင်ငံအားပေး

**ဘေရွတ် အောက်တိုဘာ ၁၀**
တရုတ်နိုင်ငံသည် လက်ဘနွန်တောင်ပိုင်း၌ ဆောင်ရွက်နေသည့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းအတွက် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ကျီချန်းက ကတိပြုပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂ ကြားဖြတ်တပ်ဖွဲ့ (ယူနီဖီးလ်)တပ်မှူးကြီး မိုက်ကယ်ဘာရီ၏ ဖိတ်ကြားချက်အရ သံအမတ်ကြီး ဝမ်သည် နိုင်ငံတောင်ပိုင်း နာကူရာမြို့ရှိ ယူနီဖီးလ် ဌာနချုပ်သို့ အောက်တိုဘာ ၁၀ ရက်တွင် သွားရောက်ခဲ့သည်။ **(ယာပုံ)**

သံအမတ်ကြီးဝမ်သည် လက်ဘနွန်-အစ္စရေးနယ်စပ်အနီး ယူနီဖီးလ် လုံခြုံရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများတွင် အမြဲတစေ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သံအမတ်ကြီးဝမ်က တပ်မှူးကြီးဘာရီအား ပြောကြားသည်။

စစ်သည်အင်အား ၈၀၀၀ ရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ကို အသင့်အနေအထားတွင် ရှိနေစေရေးအတွက် မိမိတို့ ပြင်ဆင်ဆောင်ရွက်ထားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ယင်းတပ်ဖွဲ့က အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း တရုတ်သံအမတ်ကြီးက ပြောကြားသည်။

**ဆင်ဟွာ။**



# ကာလီဖိုးနီးယားတောမီး လူအသေအပျောက်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ ညလုံးပေါက် ငြိမ်းသတ်ခဲ့ရ

**ဆန်တာရိုဆာ (ကာလီဖိုးနီးယား) အောက်တိုဘာ ၁၀**
အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတွင် တောမီးလောင်လျက်ရှိပြီး မီးသတ်သမားများက အောက်တိုဘာ ၉ ရက်တွင် ညလုံးပေါက် မီးငြိမ်းသတ်ပေးခဲ့ရကြောင်း၊ နေရာပေါင်း ၁၅ နေရာတွင် ပျံ့နှံ့ လောင်ကျွမ်းနေသည့် တောမီးများကြောင့် ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေနှင့် စီးပွားရေးလုပ်ငန်း အဆောက်အအုံရာနှင့်ချီ၍ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရိုက်တာ သတင်းတွင်ဖော်ပြသည်။

**-- လောင်ကျွမ်း --**

ကမ္ဘာပေါ်တွင် ကျော်ကြားသည့် ဝိုင်၊ အရက် ထုတ်လုပ်ရာ ပြည်နယ်တစ်ဝန်းတွင် တောမီးများလောင်ကျွမ်းလျက်ရှိသည်။ ၎င်းပြည်နယ်၏ ရာသီဥတု အခြေအနေက တောမီးလောင်ကျွမ်းမှုကို အားပေးလျက်ရှိနေကြောင်း၊ တောမီး ထိန်းချုပ်နိုင်ရေးအတွက် လုံ့လကြီးစွာ စိုက်ထုတ်နေရကြောင်း ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးရုံး အရေးပေါ်လုပ်ငန်းဆိုင်ရာဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**- အတည်ပြု --**

ကာလီဖိုးနီးယား ပြည်နယ်မြောက်ပိုင်း၌ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးရသူ ၁၀ ဦးရှိကြောင်း တာဝန်ရှိသူများက အတည်ပြု ပြောကြားသည်။

ဒေသခံ ၂၀၀၀၀ ခန့်ကို အောက်တိုဘာ ၉ ရက် မှစ၍ ၎င်းတို့နေအိမ်များမှဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ဆော်ဒီအာရေဗျသို့စစ်လက်နက်များ ထောက်ပံ့ပေးရန် ရုရှားသဘောတူညီ အက်စ်-၄၀၀ အမျိုးအစားလေယာဉ် ဒုံးလက်နက်စနစ်ပါဝင်

**မော်စကို အောက်တိုဘာ ၁၀**
အက်စ်-၄၀၀ အမျိုးအစားလေယာဉ်ပစ် ဒုံးလက်နက်စနစ် အပါအဝင် ခေတ်မီ စစ်လက်နက်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ ထောက်ပံ့ပေးရန် ရုရှားနိုင်ငံက သဘောတူညီလိုက်ကြောင်း ရုရှားစစ်ဘက်ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျ ဘုရင့်နိုင်ငံတော်နှင့် ရရှိသော သဘောတူညီချက်အရ အက်စ်-၄၀၀ အမျိုးအစား လေကြောင်းရန် ကာကွယ်ရေး ဒုံးစနစ်ကို ရုရှားနိုင်ငံက ထောက်ပံ့ပေးမည်ဟု ယင်းဌာန၏ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဗိုရို ဗိုင်ရိုဗာက ပြောကြားသည်ဟု အာရ်အိုင်အေ နိုဗော်စတီသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။ **(အောက်ပုံ)**

ရုရှားနိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံသို့ ကိုနတ်-အီးအမ်အမျိုးအစား တင့်ကားဖျက်ဒုံးကျည်စနစ်၊ ဘူရာတီနိုတီအိုအက်စ်-၁ မှတ်ထုတ်လိုက်သည့်လောင်စာဖြင့် မီးသင့်လောင်စေသည့် အကြီးစားလက်နက်စနစ်၊ အေဂျီအက်စ်-၃၀ အလိုအလျောက် ဒုံးပစ်လောင်ချာများနှင့် ကလက်ရှ်နီကော့ဗ် အေကေ-၁၃၀ ချေမှုန်းရေး ရိုင်ဖယ်များကိုပါ ထောက်ပံ့ပေးမည်ဟု ဗိုရို ဗိုင်ရိုဗာက ပြောကြားသည်။ ရုရှားနိုင်ငံမှ ဆော်ဒီအာရေဗျနိုင်ငံသို့ ထောက်ပံ့ပေးသည့် လက်နက်များ၏ ပမာဏ သို့မဟုတ် တန်ဖိုးကိုမူ ၎င်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

**-- လက်မှတ်ရေးထိုး --**

ဆော်ဒီအာရေဗျဘုရင်ဆယ်လ်မန်အဗ္ဗဒူလာဇစ် အယ်လ်ဆာမိသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရုရှားနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၁၀၀ ဖိုးထက်မနည်း လက်နက်ရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ရုရှားအစိုးရက ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြခဲ့သည်။

အက်-၄၀၀ အမျိုးအစား တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ရုရှားနိုင်ငံ၏ခေတ်အမီဆုံး လက်နက်စနစ်ဖြစ်ပြီး ပုံစံသုံးမျိုးဖြင့် စွမ်းဆောင်ရည်ရှိသည်။ ၎င်းဒုံးကျည်စနစ်ဖြင့် ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

တူရကီနိုင်ငံကလည်း ရုရှားနိုင်ငံမှ အက်-၄၀၀ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များ ဝယ်ယူရေးအတွက် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သမ္မတ အာဒိုဂန်က လွန်ခဲ့သည့်လတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ။**



# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဆဋ္ဌမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ ဆဋ္ဌမပုံမှန်အစည်းအဝေးများအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ဆဋ္ဌမပုံမှန်အစည်းအဝေးများကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးရက်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကိုအတည်ပြု ပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီးရှိ ဆောင်ရွက်ဆဲဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေး အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်က လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရန် လုပ်ငန်းကော်မတီများတွင် ပါဝင်သည့် ဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် လုပ်ရိုးလုပ်စဉ်ပုံမှန်လုပ်ငန်းများအပြင် လုံခြုံရေးကဲ့သို့ အခြေအနေအချိန်အခါအရ အထူးကြပ်မတ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှိပါက ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးခြင်းဆောင်ရွက်ပြီး လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ ဌာန/အဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr Nicholas Coppel အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ဩစတြေးလျနိုင်ငံသည် မိတ်ကောင်းဆွေကောင်း နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင်လည်း များစွာကူညီပေးခဲ့ပါကြောင်း၊ ယနေ့ကြုံတွေ့နေရသည့် ရခိုင်ပြည်နယ်အရေးအပါအဝင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်လျက်ရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင်လည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်သွားမည်ကို သိရှိရ၍ ဝမ်းမြောက်ပါကြောင်း ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်း မကြာမီ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၏ နည်းပြ/ဒိုင်လူကြီးသင်တန်း (၂/၂၀၁၇) ကို အောက်တိုဘာ ၂၆ ရက်မှနိုဝင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် အရည်အချင်းစိစစ်ခြင်းစာမေးပွဲ အောင်မြင်သူများသာ ပြိုင်ပွဲများတွင် နည်းပြ/ဒိုင်များအဖြစ် ဆောင်ရွက်ခွင့်ပေးသွားမည်ဖြစ်သည်။ ကရာတေးဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍ ယခုသင်တန်းသို့ တက်ရောက်ကြရန်နှင့် သင်တန်းတက်ရောက်မည့်သူများသည် သင်တန်းစတင်ဖွင့်လှစ်မည့်ရက်မတိုင်မီ တစ်ပတ်ကြိုတင်၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းအချိန်မီပေးသွင်းသူများသာ သင်တန်းကာလတွင် အဖွဲ့ချုပ်အစီအစဉ်ဖြင့် နေထိုင်စားသောက်ရေးနှင့်သတ်မှတ်ခရီးစရိတ် ထုတ်ပေးခြင်းပြုမည်ဖြစ်သည်။ သင်တန်းသားများသည် အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ Fax: 01-379939 သို့ ရုံးချိန်အတွင်းဖြစ်စေ၊ Email: myanmar karateoffice@ gmail.com သို့ဖြစ်စေ၊ Viber 09-961859768 သို့ဖြစ်စေ စာရင်းပေးသွင်းပါရန်နှင့် သင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကရာတေးဒိုအသင်းများမှ တစ်သင်းလျှင် နည်းပြတစ်ဦး၊ ဒိုင်တစ်ဦးတက်ရောက်နိုင်ပြီး သင်တန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ညွှန့်ဖေ<br>ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ တင်မောင်ထွန်း<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ တင်မောင်လှ<br>ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာ ဝင်းနိုင်<br>ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာသူရဦး<br>ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဦးမင်းသူ<br>ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသိန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (ခ) | ဦးဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ရုံးအဖွဲ့မှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးလှဌေးကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# သံအမတ်ကြီး ဦးကိုကိုရှိန် ရုရှားနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကိုကိုရှိန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၃ ရက်တွင် မော်စကိုမြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

ကြေးမုံ
အောက်တိုဘာ ၁၁၊ ၂၀၁၇



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H. E. Mr. Nicholas Coppel အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံမြင့်မားရေး၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဩစတြေးလျနိုင်ငံ၏ လွှတ်တော်ထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



## လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၀**

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုမီဒီယာများကို မှန်ကန်စွာ အသုံးပြုနိုင်ရန် ယနေ့ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှ ဆွေးနွေးချက်ရလဒ်များကို စုစည်းသုံးသပ်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှ လူမှုမီဒီယာများ၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများတွင် လူမှုမီဒီယာများ မှန်ကန်စွာ အသုံးချရေးအတွက် ဆင့်ပွားဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊



ယနေ့ခေတ်တွင် လူမှုမီဒီယာများကို တွင်ကျယ်စွာ အသုံးပြုလာကြပြီး ထိုသို့အသုံးပြုခြင်းကြောင့် ကောင်းကျိုးများရှိသကဲ့သို့ ဆိုးကျိုးများလည်း ရှိပါကြောင်း၊ Fake News များကို လူမှုမီဒီယာများတွင် ဖြန့်ဝေလာခြင်းကို နိုင်ငံတကာတွင်သာမက မိမိတို့နိုင်ငံတွင်လည်း တွေ့ရှိလာပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံရှိ လူမှုမီဒီယာများတွင် တွေ့ရှိလာရသည့် Fake News များကြောင့် ပြည်သူများတွင် အကျိုးသက်ရောက်မှုမရှိစေရန် မိမိတို့အနေဖြင့် စောင့်ကြည့်ကာ သတင်းမှန်ပြန်ကြားရေးကို ထိရောက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယအမြဲတမ်းအတွင်းဝန်က လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် အခြေခံအချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးတွင် လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက ဝိုင်းဝန်းဆွေးနွေးကြသည်။

လူမှုမီဒီယာများ၏ သဘောသဘာဝများနှင့် လူမှုမီဒီယာများအား ထိရောက်မှန်ကန်စွာအသုံးချရေး ဆွေးနွေးပွဲကို အဆိုပါဝန်ကြီးဌာန၌ အောက်တိုဘာ ၁၁ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ရခိုင်ပြည်နယ်အတွင်း မီးရှို့ခံရသည့် ကျေးရွာများရှိနေအိမ်များကို အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်မီးလိုအပ်နေသည့်ကျေးရွာများ အမြန်ဆုံးမီးရရှိရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့်ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများရှိပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများလည်းရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ကော်မတီအသီးသီးက စီစဉ်ထားသော ချက်ချင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စများနှင့်ဝန်ကြီးဌာနအလိုက် အမြန်ဆုံးစတင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။



ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်အနှစ်ချုပ်ကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် အမြန်ဆုံးဦးစားပေးဆောင်ရွက်ရမည့် အပိုင်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် နေအိမ်များ ပြန်လည်တည်ဆောက်ခြင်းကိစ္စ၊ လျှပ်စစ်မီးရရှိရေးကိစ္စ၊ လမ်းပန်းဆက်သွယ်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ငါးဖမ်းလုပ်ငန်းကိစ္စ၊ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စ၊ NCV လုပ်ငန်းကိစ္စ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကိစ္စ၊ ပညာရေး၊ ကျန်းမာရေးကိစ္စ၊ တယ်လီဖုန်းဆက်သွယ်ရေးဆိုင်ရာကိစ္စ၊ FM အပါအဝင် သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေမှုကိစ္စရပ်များမှ အချိန်တိုတိုအတွင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

❐

# မန္တလေးမြို့၌ ဘာသာပေါင်းစုံဆုတောင်းပွဲ ပြုလုပ်

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် (၆၂)လမ်း (၄၀×၄၁) လမ်းကြားရှိ မနော်ရမ္မ ဟစ်တိုင်ကွင်းတွင် ယနေ့ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်၍ ဘာသာပေါင်းစုံဆုတောင်းပွဲပြုလုပ်သည်။

ဆုတောင်းပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာပေါင်းစုံမှ ဆရာတော်များနှင့် ခေါင်းဆောင်ပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးနှင့် ပါတီဝင်များ၊ အမေ့ရင်ခွင်ပညာဒါနကျောင်း (ပြည်ကြီးတံခွန်)မှ ကျောင်းသား ကျောင်းသူများ၊ ရပ်မိ ရပ်ဖများ စုစုပေါင်း အင်အား ၃၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

ဆုတောင်းပွဲတွင် မန္တလေးခရိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်ဦးအောင်သိန်းဌေး(တရားလွှတ်တော်ရှေ့နေ)က ဘာသာငါးဘာသာကိုယ်စား ဆုတောင်းမေတ္တာပို့သခြင်းကို တိုင်တည်ပေးခဲ့ပြီး တက်ရောက်လာကြသူများက ဆုတောင်းမေတ္တာပို့သခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် မြဝတီကျောင်းတိုက် မြဝတီဆရာတော် ဦးအရိယာဝံသဘိဝံသက ဆုတောင်းမေတ္တာပို့သခြင်း၊ ခရစ်ယာန်ဘာသာမှ သိက္ခာတော်ရဆရာတော် ဂိုဏ်းချုပ် ဒေါက်တာဦးဇော်ဝင်းအောင်က ဆုတောင်းမေတ္တာပို့သခြင်း၊ ဟိန္ဒူဘာသာမှ ဦးမုသူးကူးမားဘရားမန်းက ဆုတောင်းမေတ္တာပို့သခြင်း၊ အစ္စလာမ်ဘာသာမှ မန္တလေးတိုင်းဒေသကြီး ဂျမီအတုလ်အိုလမာ အဖွဲ့ကြီးအတွင်းရေးမှူး မောင်လာနာတွာဟစ်ရ်(ခေါ်)ဦးမောင်နုက ဆုတောင်းမေတ္တာပို့သခြင်း၊ ဘဟာအီဘာသာမှ ဦးမြင့်ဆွေက ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ပြီး တက်ရောက်လာကြသူများက ဖယောင်းတိုင်မီးများထွန်းညှိကာ ခုနစ်မိနစ်ခန့် ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သခဲ့ကြကာ ည ၇ နာရီတွင် ဘာသာပေါင်းစုံဆုတောင်းပွဲ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**





# စစ်တွေမြို့တွင် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး မေတ္တာပို့ဆုတောင်းပွဲပြုလုပ်

**စစ်တွေ အောက်တိုဘာ ၁၀**

ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး မေတ္တာပို့ဆုတောင်းပွဲကို ယနေ့ညနေ ၆ နာရီတွင် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရား၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

မေတ္တာပို့ဆုတောင်းပွဲ၌ မကျည်းမြိုင်ဆရာတော်ကြီးထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက မေတ္တာပို့ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြ၍ ငြိမ်းချမ်းရေး ဩဝါဒစကားများ ဟောကြားတော်မူသည်။

“နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးကို ဖော်ဆောင်နေပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ ရခိုင်ပြည်နယ်တစ်ဝန်းလုံးတည်ငြိမ်အေးချမ်းဖို့နဲ့ ငြိမ်းချမ်းရေးပေါ်ပေါက်လာဖို့အတွက် အခုဆုတောင်းပွဲကို လုပ်တာဖြစ်ပါတယ်။ စစ်တွေခရိုင်မှာ ပထမဦးဆုံးအကြိမ် ပြုလုပ်တာပါ။ ပြည်ထောင်စုကြီးလည်း ငြိမ်းချမ်းလာမယ်လို့ မျှော်လင့်ပါတယ်”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခရိုင်ဥက္ကဋ္ဌ ဦးသန်းကျော်က ပြောသည်။ အဆိုပါ မေတ္တာပို့ဆုတောင်းပွဲကို အပတ်စဉ်အင်္ဂါနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်ကျော်ဦး၊ ဟန်လင်းနိုင်(ကိုယ်ပွား-စစ်တွေ)**

# မုံရွာမြို့အပါအဝင် ၃၇ မြို့နယ်တွင် ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲများ ပြုလုပ်

**မုံရွာ အောက်တိုဘာ ၁၀**

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်းပွဲများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့ အပါအဝင် ၃၇ မြို့နယ်တွင် အောက်တိုဘာ ၁၀ ရက် (အင်္ဂါနေ့)တွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့သည်။




စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ဘာသာပေါင်းစုံမှ လူထုလူတန်းစားအလွှာအသီးသီးဖြင့် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်းပွဲကို မုံရွာမြို့ မြို့တော်ခန်းမရှေ့တွင်အစီအစဉ် ကိုးရပ်ဖြင့် ပြုလုပ်သည်။ မေတ္တာပို့ဆုတောင်းပွဲကို ဘာသာပေါင်းစုံမှ ဆရာတော်၊ သိက္ခာတော်ရ ဆရာတော်၊ မော်လဝီဆရာ၊ ဟိန္ဒူဘုန်းတော်ကြီးတို့နှင့်အတူ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ကြည်တို့က တက်ရောက်လာသူအားလုံးနှင့်အတူ ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိကာ အခန်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဗုဒ္ဓဘာသာဝင်များကိုယ်စား ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသမဟာထေရ်၊ ခရစ်ယာန်ဘာသာဝင်များ ကိုယ်စား သိက္ခာတော်ရဆရာတော် ဦးဇော်လင်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား မော်လဝီဆရာဦးစန်းဝင်း၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ဘုန်းတော်ကြီး ယရနဒ်ကြီးတို့က ငြိမ်းချမ်းရေးအတွက် မေတ္တာပို့ ဆုတောင်းကြသည်။ ထို့နောက် မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနေငယ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေဟု တက်ရောက်လာသူများနှင့်အတူ သုံးကြိမ်ရွတ်ဆိုကာအခမ်းအနားကို ပြီးဆုံးခဲ့သည်။

မုံရွာမြို့ မေတ္တာပို့ဆုတောင်းပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အချက်ငါးချက်ပါဝင်သော ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲ မေတ္တာပို့စာကို တက်ရောက်လာသူများအား ငြိမ်းချမ်းရေးအလင်းတိုင်များနှင့်အတူ လိုက်လံဝေငှပေးခဲ့သည်။ အပတ်စဉ် အင်္ဂါနေ့ညနေတိုင်း ကျင်းပမည့် မေတ္တာပို့ဆုတောင်းပွဲများသို့လည်း ဆက်လက်လာရောက်ကာ အတူတကွ မေတ္တာပို့ဆုတောင်းကြရန် လာရောက်ကြသော ငြိမ်းချမ်းရေးအင်အားစုများက အသိပေးနှိုးဆော်လျက်ရှိသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး ဘာသာပေါင်းစုံဆုတောင်းပွဲ အခမ်းအနား ဟားခါး၌ ပြုလုပ်

**ဟားခါး အောက်တိုဘာ ၁၀**

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေး ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီက ဟားခါးမြို့ ကာဆင်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဟားခါးမြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ က ဗုဒ္ဓတရားတော်နှင့်အညီ ငြိမ်းချမ်းရေးမေတ္တာစကားမြွက်ကြားတော်မူပြီး မေတ္တာသုတ်ရွတ်ဆိုပေးတော်မူသည်။

ဆက်လက်၍ ဟားခါးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဓမ္မအမှုတော်ဆောင်များအဖွဲ့ဥက္ကဋ္ဌ ဟားခါးနှစ်ခြင်းခရစ်ယာန်နယ်အဖွဲ့ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဂျိုးအဲလ်နောလ်ကျုံးလျန်က ခရစ်ယာန်တရားတော်နှင့်အညီ ငြိမ်းချမ်းရေးမေတ္တာစကားမြွက်ကြားတော်မူပြီး ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော်ဒေးနစ်ငွန်ထောင်းမန်က ဆုတောင်းပေးခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဇိုဘွဲ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးဝင်းမြင့်ကျော်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသော သံဃာတော်များနှင့်သိက္ခာတော်ရဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးအပ်ခဲ့ကြသည်။ ထို့နောက် ဘာသာရေးခေါင်းဆောင်များ၊ ကြွရောက်လာကြသော ဧည့်ပရိသတ်များကစုပေါင်း၍ မေတ္တာပို့ဆုတောင်းကြသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ မေတ္တာပို့ဆုတောင်း

**မြင်းမူ အောက်တိုဘာ ၁၀**

မြင်းမူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကြီးမှူးကျင်းပသော ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံမေတ္တာပို့ဆုတောင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီ ၁၃ မိနစ်တွင် မြင်းမူမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ပြုလုပ်သည်။

ထို့နောက် ခရစ်ယာန်ဘာသာသင်းအုပ်ဆရာ ဦးသန်းမင်းထွန်း၊ အစ္စလာမ်ဘာသာ ရှေ့ဆောင်ဆရာ မော်လဝီဆပ် ဦးဉာဏ်ထွန်း၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၂၆ ပါး၊ ဟိန္ဒူဘာသာမှတာဝန်ရှိသူတို့က မိမိတို့သက်ဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့်အညီ ဆုတောင်းမေတ္တာပို့သကြသည်။ ထို့နောက်တက်ရောက်လာကြသူအားလုံးက သံပြိုင်မေတ္တာပို့ဆုတောင်းပေးသည်။

ယင်းနောက် ငြိမ်းချမ်းရေး ဆီမီးတိုင်များကို ယသစရိယလူမှုကူညီရေးအသင်းဝင်များ၊ မြတ်သုခကျန်းရေးနှင့်လူမှုကူညီရေးအသင်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဒုဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယက ဦးဘဘာ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်တို့က လွတ်လပ်ရေးကျောက်တိုင်ပတ်လည် ဖယောင်းတိုင်ဆီမီးထွန်းညှိပေးခဲ့ကြသည်။

(၆၂၄)





ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံတမန်များ မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာမှ အစ္စလာမ်ဘာသာဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

❂ ရွှေဖုံးမှ

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စစ်တွေမြို့သို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၅ ရက်မှစ၍ တပ်မတော်မှ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားရှိမှု၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေ၊ နေရပ်စွန့်ခွာနေသူများအား သွားရောက်တွေ့ဆုံ၍ အားပေးနှစ်သိမ့်ကာ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စားသောက်ရေး၊ သွားလာရေးတို့အဆင်ပြေစေရန် ဆောင်ရွက်ပေးမည့်အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ဥပဒေနှင့်အညီ သေချာစွာ စနစ်တကျ စိစစ်၍ ပြန်လည်ခေါ်ယူရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများ စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ယခုကဲ့သို့လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် နေရပ်သို့စွန့်ခွာခြင်းမပြုဘဲ မိမိတို့ကျေးရွာ၌ပင် ဆက်လက်နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရသေ့တောင်မြို့နယ် အနောက်ပြင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးသိန်းဆွေတို့က နိုင်ငံတော်အစိုးရက ဒေသလုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများဖြစ်သည့် စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားဖြစ်ခွင့် စိစစ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူများအား ဥပဒေနှင့်အညီ စနစ်တကျပြန်လည်ခေါ်ယူနိုင်ရေး နှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး မိမိတို့မူလနေထိုင်ရာ ရပ်ရွာ၌ပင် အေးချမ်းစွာ ဆက်လက်နေထိုင်လုပ်ကိုင်စားသောက်ကြရန် မှာကြားသည်။

ယင်းနောက် အဆိုပါကျေးရွာနေ အစ္စလာမ်ဘာသာဝင်များက ၎င်းတို့၏ တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များအလိုက် ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာ သံတမန်များက ဒေသလုံခြုံရေးအခြေအနေ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရရှိမှုအခြေအနေ၊ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန်ဆန္ဒ ရှိ၊ မရှိ အခြေအနေများနှင့် သိလိုသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းကြသည့်အပြင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကလည်း သိလိုသည်များကို တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာအနီးရှိ လေယာဉ်ပျံကွင်း ချောင်းဝ၌ စုဝေးရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင် ၁၀၀၀ ခန့်နှင့်လည်းကောင်း၊ ဂေါ်ဒူသာရကျေးရွာအနီးရှိ နှစ်နိုင်ငံခြံစည်းရိုးအနီးတွင် စုဝေးရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင် ၇၀၀ ကျော်ခန့်နှင့်လည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က သွားရောက်တွေ့ဆုံသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် စုဝေးရောက်ရှိနေသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၅ ရက်မှစတင်၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို တပ်မတော်မှ ဆောင်ရွက်ခြင်း လုံးဝမရှိပါကြောင်း၊ သို့ရာတွင် တစ်ဖက်နိုင်ငံသို့ ယခုအချိန်ထိ သွားရောက်နေသော သတင်းများကြားသိရ၍ ယခုကဲ့သို့ လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင်များအနေဖြင့် မိမိတို့ ကျေးရွာ၊ မိမိတို့ နေရာများတွင်ပင် ပြန်လည်နေထိုင်ကြစေလိုကြောင်း၊ လိုအပ်သည့် စားနပ်ရိက္ခာနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သလို ဘေးကင်းလုံခြုံစိတ်အေး



ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံတမန်များ မောင်တောမြို့နယ် ငါးခူရကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ချမ်းသာနေထိုင်နိုင်ရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့နေထိုင်ရာ ကျေးရွာနေရာများသို့ ပြန်လည်နေထိုင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Mohammand Sufiur Rahman ကလည်း တစ်ဖက်နိုင်ငံသို့ မသွားစေလိုကြောင်း၊ မိမိတို့မူလနေထိုင်သည့် ကျေးရွာများ၌ပင် ပြန်လည်နေထိုင်ကြစေလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မိမိတို့ဘက်တွင် ရောက်ရှိနေသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးရန် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ရောက်နှင့်ပြီးသူများ ပင်လျှင် နေရေးထိုင်ရေး၊ စားရေးသောက်ရေး အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း၊ သို့ဖြစ်၍ မိမိတို့ ကျေးရွာနေရာများသို့ ပြန်လည်နေထိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့မူလနေထိုင်ရာ ကျေးရွာများတွင် အေးချမ်းစွာ ပြန်လည်နေထိုင်ပြီး လုပ်ကိုင်စားသောက်နိုင်စေရန် ဒေသလုံခြုံရေးနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများဖြစ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများ အပြည့်အဝဖြည့်ဆည်းထောက်ပံ့ပေးမည်ဖြစ်သည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်လည်း ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့မူလနေထိုင်ရာ ကျေးရွာများသို့ပြန်လိုပါက အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရန် အားလုံးစီစဉ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတကာ သံတမန်များက မူလကျေးရွာများ၌ ဆက်လက်မနေထိုင်လိုသည့် အကြောင်းအရင်း၊ တစ်ဖက်နိုင်ငံသို့ သွားရောက်လိုသည့် အကြောင်းအရင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရရှိမှု ရှိ၊ မရှိ၊ ၎င်းတို့၏ သဘောထားများနှင့် သိလိုသည်များကို ပွင့်ပွင့်လင်းလင်းမေးမြန်းကြသည့်အပြင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကလည်း သိလိုသည်များကို တွေ့ဆုံမေးမြန်း သတင်းယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး အစ္စလာမ်ဘာသာဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးများက အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ကျေးရွာအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မေးမြန်းပြီး ပျက်စီးဆုံးရှုံးမှုရှိခဲ့သည့် အိမ်များရှိပါက နိုင်ငံတော်အစိုးရမှ ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတော်အစိုးရမှ ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရက ဒေသလုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများဖြစ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများနှင့် လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် မည်သည့်ဒေသကိုမျှ မပြောင်းရွှေ့ဘဲ မိမိတို့မူလနေထိုင်ရာ ကျေးရွာ၌ပင် နေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ရောက်ရှိရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မဖြစ်ပွားမီအခြေအနေ၊ ဖြစ်စဉ်ဖြစ်ပွားနေစဉ်အခြေအနေနှင့် ဖြစ်စဉ်ဖြစ်ပွားပြီးအခြေအနေများကို မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည့် ငါးခူရကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးများက ဒေသလုံခြုံရေးအခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရရှိမှုအခြေအနေများကို မေးမြန်းပြီး အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လူ့အဖွဲ့အစည်းများအကြား စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လျက်ရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ဒေသလုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများဖြစ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများ လိုအပ်ချက်များကို အပြည့်အဝ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဖြစ်သည့် အိုးအိမ်၊ ရုံးအဆောက်အအုံ၊ လမ်းတံတားများကိုလည်း ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခွင့်စိစစ်ရေးကတ် NVC လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ သို့ ❖

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ သင်တန်းသားများအား တွေ့ဆုံ





**နေပြည်တော် အောက်တိုဘာ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဧည့်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဆေးလက်တွေ့ပါရဂူနှင့် ဆေးပညာမဟာသိပ္ပံသင်တန်း တက်ရောက်နေကြသော သင်တန်းသားအရာရှိများ၊ နည်းပြအရာရှိများနှင့် သန္ဓေအရာရှိများအား တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့သင်ကြားလေ့ကျင့် မွေးထုတ်လိုက်သူများသည် စိတ်ချယုံကြည်စွာဖြင့် တာဝန်ပေးအပ်နိုင်သူများ ဖြစ်စေရန် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားလေ့ကျင့်မှု ပိုမိုထိရောက်စေရန်အတွက် သင်ကြားလေ့ကျင့်မှုအချိန်ကာလတိုးမြှင့်ခြင်း၊ သင်တန်းသား အရေအတွက်ကို လျှော့ချခြင်း၊ အရည်အချင်းပြည့်မီသည့် နည်းပြများကို ဦးစားပေးရွေးချယ်ခန့်ထားခြင်းများ လုပ်ဆောင်ခဲ့ပြီး သင်တန်းသားများအနေဖြင့် ထိုက်တန်သည့် အခြေခံရှိမှသာ သင်ကြားလေ့ကျင့်မှုကို အပြည့်အဝ ခံယူနိုင်မည်ဖြစ်၍ သင်တန်းသားရွေးချယ်ရာတွင်လည်း ရှိသင့်သည့် ဉာဏ်ရည် ဉာဏ်သွေး IQ၊ ပညာအရည်အချင်း EQ အပေါ်တွင် မူတည်ရွေးချယ်ခဲ့ကြောင်း။

နည်းပြဆရာများသည် တပည့်ဖြစ်သူထက် ပိုမိုတတ်ကျွမ်းရန်၊ ပိုမိုသိမြင်ရန်လိုအပ်သောကြောင့် မိမိ၏ ဘာသာရပ်နယ်ပယ်ကို ပိုင်နိုင်ကျွမ်းကျင်သူ၊ ဦးဆောင်နိုင်သူ၊ ညွှန်ပြနိုင်သူများဖြစ်အောင် ကြိုးစားအားထုတ်လုပ်ဆောင်ရန်၊ အထူးသဖြင့် တက္ကသိုလ်၏ သဘောသဘာဝအရ ဖတ်ရှုလေ့လာမှု၊ အပြန်အလှန်ဆွေးနွေးမှုများ လုပ်ဆောင်ရခြင်းကြောင့် ဆရာများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဖတ်ရှုလေ့လာရသည့် နယ်ပယ်ဖြစ်ခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း မဖြစ်မနေလုပ်ဆောင်ရန် လိုကြောင်း၊ ယင်း လေ့လာသုတေသနပြုမှုများသည် တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှု ခံယူလျက်ရှိသည့် စစ်သည်များအားကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးနေမှုများ၊ ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် အထူးကြပ်မတ်ကုသခန်း၊ ဓာတ်မှန်ဌာန၊ သွေးရောဂါဗေဒဌာန၊ Immunology Section တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ခွဲစိတ်ကုသဆောင်၌ ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁)စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Novogen Brown ကြက်ဥဖောက်စက်သို့သွားရောက်၍ မျိုးကြက်ဥများအား ဝပ်စက်၊ ဖောက်စက်များဖြင့် ကြက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မြေလွှာမဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းစနစ် (Hydroponic System) ဖြင့် အိုးမှန်ညင်းပင်၊ ငရုတ်ချိုပင်၊ ဆလတ်ပင်များအား ပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးစင်များအပေါ် ပြောင်းရွှေ့စိုက်ပျိုးထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း တာယာစက်ရုံ(ရွာမ)ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **စာမျက်နှာ ၈ မှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရွာလုံးကျွတ်မီးရှို့ခံရသည့် ခုံတိုင်ရွာသို့ရောက်ရှိပြီး အဆိုပါကျေးရွာနေ မြို့တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးများက ကျေးရွာပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရရှိမှုအခြေအနေတို့ကို မေးမြန်းပြီး ကျေးရွာရွှေ့ပြောင်းတည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသလုံခြုံရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများဖြစ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများနှင့် လိုအပ်ချက်များကိုလည်း အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နိုင်ငံတကာ သံတမန်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများသည် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liang၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Lyying SAYAXANG နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Mohammad Sufiur Rahman စသည့် အိမ်နီးချင်း ငါးနိုင်ငံမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ လိုက်ပါ၍ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းသည့် မူဝါဒပိုင်းဆိုင်ရာ ပြောကြားချက်တွင် တစ်ဖက်နိုင်ငံသို့ သွားရောက်နေသူများအား ၁၉၉၂-၁၉၉၃ ခုနှစ် နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများ၏ သဘောတူညီချက်များအတိုင်း ပြန်လည်လက်ခံမည်ဟု ပြောကြားထားပါကြောင်း၊ တစ်နည်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည့် အရေအတွက်မှာ သိန်းချီကာရှိမည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အမှန်တကယ် နေထိုင်ခဲ့ကြသူများကိုသာ စိစစ်လက်ခံသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် နိုင်ငံတော်အနေဖြင့် ဆုံးဖြတ်ထားပါကြောင်း။

ယခုကိစ္စသည် အိမ်နီးချင်းနိုင်ငံများ၌ ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ကိစ္စမျိုး နှစ်ကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါအချိန်က နှစ်နိုင်ငံ အပြန်အလှန်နားလည်လေးစားမှုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည့် သာဓကနှစ်ခုလည်း ရှိပါကြောင်း၊ ယခုကိစ္စသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား အချင်းချင်းညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း။

ပြန်လည်ဝင်ရောက်လာသူများကို စိစစ်လက်ခံရာ၌လည်း ယခင်စနစ်တကျစီစဉ်ထားသည့် သဘောတူညီချက်များအတိုင်း ပြန်လည်လက်ခံရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နယ်မြေရှင်းလင်းမှုများကို စက်တင်ဘာ ၅ ရက်မှစတင်၍ လုံးဝဆောင်ရွက်ခြင်း မရှိပါကြောင်း၊ သို့ရာတွင် နိုင်ငံတကာ၌ နယ်မြေရှင်းလင်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်ဟု မှားယွင်းစွာယူဆနေကြပါကြောင်း။

အခြေအနေမှန်ကို သိရှိနိုင်ရန် ယနေ့တွင် အိမ်နီးချင်း ငါးနိုင်ငံမှ သံတမန်များကို ဖိတ်ခေါ်ပြီး ယခုခရီးစဉ်ကို စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံတမန်များလည်း အတူတကွ လိုက်ပါလာကြပါကြောင်း၊ အထက်တွင် ပြောကြားခဲ့သည့်အတိုင်း မိမိတို့ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ယခုခရီးစဉ်ကို စီစဉ်ရခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့နှင့် ရင်းနှီးသော နိုင်ငံတကာမိတ်ဆွေနိုင်ငံများကလည်း ယခုကိစ္စတွင် ကာယကံရှင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံက အချင်းချင်းညှိနှိုင်းဆောင်ရွက်မည့်ကိစ္စရပ်အား တိုက်တွန်းအားပေးလျက်ရှိပါကြောင်း၊ အဆိုပါ တိုက်တွန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို ယနေ့တွင် လက်တွေ့ပြသခြင်း ဖြစ်ပါကြောင်း။

ယခုခရီးစဉ်ကို အချိန်တိုအတွင်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးသည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ထို့အတူ မိမိတို့နှင့်အတူ လိုက်ပါလာသည့် သံအမတ်ကြီးများကိုလည်း ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# စစ်တွေနှင့် မောင်တောခရိုင်များအတွင်း ရူပဗေဒပညာဘာသာရပ် မွမ်းမံသင်တန်းဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၁၀**

စစ်တွေနှင့် မောင်တောခရိုင်များအတွင်းရှိ အခြေခံပညာကျောင်းများ၌ ရူပဗေဒပညာဘာသာရပ်အား သင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအတွက် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဓမ္မဇေယျခန်းမ၌ ကျင်းပရာ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးမောင်သာနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးမောင်သာက အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

"သင်တန်းမှာ တက္ကသိုလ်ဝင်တန်း ရူပဗေဒပညာဘာသာရပ်ရဲ့ Electricity and Modern Physics ကို အဓိကထား သင်ကြားပေးသွားမှာပါ။ အခုလို သင်ကြားပေးတဲ့အတွက် တက္ကသိုလ်ဝင်တန်း တက်ရောက်သင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အထောက်အကူဖြစ်စေမယ့်အပြင် အောင်ချက်လည်း တိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးမောင်သာက ပြောသည်။



အဆိုပါသင်တန်းသို့ စစ်တွေနှင့် မောင်တောခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ရူပဗေဒပညာဘာသာရပ်သင် ဆရာ ဆရာမ ၁၀၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ ငါးကြာဖွင့်လှစ်သွားမည်ဖြစ်သည်။

"ရူပဗေဒဘာသာရပ်ကို စာတွေ့လက်တွေ့ ခရိုင်အလိုက် သင်ကြားပို့ချပေးသွားမယ့်အပြင် သင်ရိုးညွှန်းတမ်းအတွက် လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို ကျောင်းအလိုက် ထောက်ပံ့သွားမှာဖြစ်ပါတယ်"ဟု ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာရေးကော်မတီ အတွင်းရေးမှူး ဆရာမ ဒေါ်မြနှင်းအေးက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**❍ ဘာသာပေါင်းစုံမှ**

ထို့နောက် အစ္စလာမ်ဘာသာရေးခေါင်းဆောင် အလာဟာဂျ် မော်ဝ်လာနာ မုတ်သီး နူးမိုဟာမတ် ဦးကိုလေး၊ ဓမ္မသတ်မှုးချုပ် စူရ်တီဗလီရှေ့ဆောင်ဆရာကြီးကိုယ်စား အစ္စလာမ်ဘာသာရေးခေါင်းဆောင် အလာဟာဂျ် မော်ဝ်လာနာ မုတ်သီးအလီ MM ရောင်နက်ဗလီရှေ့ဆောင်ဆရာကြီး (ဦးကျော်ကျော်)က အစ္စလာမ်တရားတော်နှင့်အညီ မေတ္တာစကားပြောကြား၍ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးသည်။

အလာဟာဂျ် မော်ဝ်လာနာ မုတ်သီးအလီက "ယနေ့မြန်မာနိုင်ငံဒေသ အချို့မှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့ နိုင်ငံသူနိုင်ငံသားတွေ၊ အားနွဲ့တဲ့ အမျိုးသမီးတွေ၊ အပြစ်မဲ့တဲ့ ကလေးသူငယ်တွေ၊ အင်အားချည့်နဲ့တဲ့ သက်ကြီးရွယ်အိုတွေ၊ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရတဲ့ ဘာသာပေါင်းစုံမှ ညီအစ်ကိုမောင်နှမတွေ၊ မိတကွဲ၊ ဖတကွဲထွက်ပြေးတိမ်းရှောင်ခဲ့ကြရတဲ့ နိုင်ငံသူနိုင်ငံသားတွေ အားလုံးအတွက် အထူးပဲ ဝမ်းနည်းကြေကွဲရပါတယ်"ဟု ထည့်သွင်းပြောကြားရင်း အစ္စလာမ်ဘာသာအဆုံးအမအတိုင်း ဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဟိန္ဒူဘာသာရေးခေါင်းဆောင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာပြုဆရာ ဒေါက်တာလှထွန်းက ဟိန္ဒူတရားတော်နှင့်အညီ မေတ္တာစကားပြောကြားပေးကာ ဟိန္ဒူသက္ကတဘာသာဖြင့် ဆုတောင်းမှု ပြုလုပ်သည်။

မဟာယနဗုဒ္ဓဘာသာဘုန်းတော်ကြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကွမ်ရင်စီတရုတ် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော် ဦးအာစာရက မဟာယနဗုဒ္ဓဘာသာတရားတော်နှင့်အညီ မေတ္တာစကားပြောကြားကာ ဆုတောင်းမေတ္တာပို့ကြသည်။

ဆရာတော် ဦးအာစာရက "ကမ္ဘာပေါ်တွင်ရှိကြသော မည်သည့်ဘာသာတရားမဆို မိမိတစ်ကိုယ်ရေငြိမ်းချမ်းမှု၊ လူနှင့်လူ့ပတ်ဝန်းကျင်၏ အေးငြိမ်းရာကို ရှာဖွေရင်းပေါ်ပေါက်လာသည်ဟုမှတ်သားမိကြောင်း၊ ဘာသာတရားဟူသမျှသည် အေးငြိမ်းရာကိုရှာဖွေရင်း ပေါ်ပေါက်လာခြင်းကြောင့် မကောင်းတာလုပ်ရန်၊ ပြောရန်၊ ကြံစည်ရန် မည်သည့်ဘာသာကမှ ညွှန်ပြထားမည်မဟုတ်ကြောင်း ပြောကြားရင်း မဟာယနဗုဒ္ဓဘာသာကို ကိုယ်စားပြုဆွေးနွေးသည်။

ဆက်လက်၍ ခရစ်ယာန်ဘာသာရေးခေါင်းဆောင် မြန်မာနိုင်ငံကတ်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ရန်ကုန်ကတ်သလစ်ဂိုဏ်းချုပ် သာသနာရဟန်းအမတ် ကာဒီနယ်ချားလ်စ်မောင်ဘိုက ခရစ်ယာန်တရားတော်နှင့်အညီ မေတ္တာစကားပြောကြားပေးပြီး ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးသည်။

ကာဒီနယ်ချားလ်စ်မောင်ဘိုက "ကျွန်တော်တို့ဟာ ဒီနိုင်ငံသူ၊ နိုင်ငံသားဖြစ်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ ဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ ငြိမ်းချမ်းခြင်းအိပ်မက်ကို အကောင်အထည်ဖော်ရန် စုရုံးရောက်ရှိနေပါတယ်။ ငြိမ်းချမ်းရေးဟာ တစ်ခုတည်းသော လမ်းစဉ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ကျွန်တော်တို့ နောင်လာနောက်သားကလေးသူငယ်များခံစားရမှာဖြစ်ပါတယ်။ မြန်မာပြည်ဟာ သမိုင်းအလှည့်အပြောင်းတစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုအောက်မှာရှိနေပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံမှ အထူးဧည့်သည်တော် ဗုဒ္ဓခေါင်းဆောင်များအဖွဲ့မှ ဥက္ကဋ္ဌ မဟာယနဘုန်းတော်ကြီး ဒေါက်တာ



**ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ဦးဆောင်ဆရာတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပရိသတ်အားလုံး ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သစဉ်။**

မော့တက်က ဝမ်းမြောက်ကြောင်း မေတ္တာစကားပြောကြားခြင်းနှင့် ဆုတောင်းပေးခြင်းတို့ကိုပြုလုပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးဆုတောင်းပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆရာတော်၊ သံဃာတော်ကြီးများနှင့် ဘာသာပေါင်းစုံမှ အကြီးအကဲဘာသာရေးခေါင်းဆောင်များ၊ ယခုအခမ်းအနားကို ကြွရောက်လာကြသည့် ဘာသာရေးခေါင်းဆောင်ကြီးများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာပြီး ဘာသာပေါင်းစုံအတူယှဉ်တွဲနေထိုင်နေသည့် နိုင်ငံဖြစ်ကြောင်းကို ယနေ့အခမ်းအနားက သက်သေပြလိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံးသည် မိမိတို့နိုင်ငံသူနိုင်ငံသားအားလုံးအတွက် ယနေ့ဆုတောင်းမေတ္တာပို့သခြင်းပဲဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးဖြိုးမင်းသိန်းက "အခက်အခဲဖြစ်နေတဲ့သူတွေ ဒုက္ခရောက်နေတဲ့သူတွေနဲ့ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနေတဲ့ သူတွေအတွက် မေတ္တာဟာခွန်အားတစ်ခု၊ ကျွန်တော်တို့ပေးနိုင်တဲ့ စွမ်းအားတစ်ခုပဲ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားအားလုံး စုဝေးပြီး ဆုတောင်းမေတ္တာပို့သခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေအရပ်ရပ်ကို ကမ္ဘာကြီးက နားလည်နိုင်ပြီး ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ မေတ္တာပို့ပါတယ်။ ကျွန်တော်တို့ အချင်းချင်း မေတ္တာတရားနဲ့ လက်တွဲကြပါစို့။ ကျွန်တော်တို့ရဲ့အနာဂတ်ကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုနဲ့ ထူထောင်ကြပါစို့"ဟု ပြောသည်။

ယင်းနောက် ကြွရောက်လာကြသော ဘာသာရေးအဖွဲ့အစည်း အသီးသီးမှ ဦးဆောင်ဆရာတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆုတောင်းပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်ပရိသတ်များအားလုံးက မတ်တတ်ရပ်ကာ ငြိမ်းချမ်းရေးဖယောင်းတိုင်များ ထွန်းညှိ၍ ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ကျင်းပသည့် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆုတောင်းပွဲသို့ ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ဦးဆောင်ဆရာတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ သံတမန်အကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအပါအဝင် ရဟန်းရှင်လူ ပြည်သူသုံးသောင်းခန့် တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

**☆ ပထမအကြိမ်မှ**

ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာအနေဖြင့် လာရောက်ယှဉ်ပြိုင်ရာတွင် ထိုင်းနိုင်ငံမှ ဖိတ်ခေါ်မှုကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ချစ်နှင့် တာဝန်ရှိသူများပါရှိခဲ့ပြီး အဖွဲ့ချုပ်အမှုဆောင် ဦးမျိုးမင်းက ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာအနေဖြင့် အမျိုးသား ၅၆ ကီလိုတန်းနှင့် ၆၉ ကီလိုတန်း၊ အမျိုးသမီး ၅၈ ကီလိုတန်းနှင့် ၆၃ ကီလိုတန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်လေးဦးမှာ ရန်ကုန်နှင့် မန္တလေး အား/ကာသိပ္ပံမှ ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## KBZ Bank Women's League ပြိုင်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက အား/ကာသိပ္ပံအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် နိုင်ပွဲပြန်ရရန် အားထည့်ကစားခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ဖြင့် အမှတ်ပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အသင်းခေါင်းဆောင် ခင်မာလာထွန်း ဦးဆောင်သည့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၇၊ ၉၀+၂ မိနစ်တွင် နုနု၊ ၂၉ မိနစ်တွင် နန်းမေသဇင်၊ ၄၉ မိနစ်တွင် ရီရီဦး၊ ၇၅ မိနစ်တွင် ခင်မာလာထွန်းတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို အောက်တိုဘာ ၁၁ ရက် ညနေပိုင်းတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး YREO အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

## ပြည်နယ်တရားသူကြီးချုပ်နှင့် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေး

**စစ်တွေ အောက်တိုဘာ ၁၀**

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သည် အပြန်အလှန်ထိန်းကျောင်း ဆက်စပ်နေသည့်အတွက် အုပ်ချုပ်ရေးမှူးများအနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းအောင် ဆောင်ရွက်ထားခြင်းသည် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က ပြောသည်။



ပြည်နယ် တရားသူကြီးချုပ်နှင့် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် ဦးကျောက်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရားဥပဒေ စိုးမိုးရေးဆိုတာ အုပ်ချုပ်ရေးတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ တရားစီရင်ရေးသဘောဆောင်တဲ့လုပ်ငန်းတွေ လုပ်တဲ့အခါမှာ ဥပဒေကို နားလည်ဖို့လိုပါတယ်။ အုပ်ချုပ်ရေးမှူးကောင်းတစ်ယောက်ဖြစ်လိုတယ်ဆိုရင် ဥပဒေကို နားလည်တတ်ကျွမ်းအောင် လေ့လာမှုတွေ ပြုလုပ်ထားဖို့ လိုပါတယ်။ ဘယ်အလုပ်မဆို ဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်သွားမယ်ဆိုရင် လုပ်ငန်းတွေလည်း အဆင်ပြေချောမွေ့စေနိုင်မှာ ဖြစ်ပါတယ်"ဟု ဦးကျောက်က ပြောသည်။

အဆိုပါအစည်းအဝေးသို့ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေနှင့် ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမှုအခင်းများနှင့်ဆိုင်သည့်ကိစ္စ၊ မြေယာကိစ္စ၊ သက်ငယ်မုဒိမ်းမှု စသော ကိစ္စများ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပြည်နယ်တရားသူကြီးချုပ်က ပြောသည်။

ရခိုင်ပြည်နယ်တွင် ခရိုင် ငါးခုနှင့် မြို့နယ် ၁၇ မြို့နယ်ရှိကြောင်း၊ ယင်းအစည်းအဝေးတွင် အုပ်ချုပ်ရေးမှူး ဥပဒေနှင့်ပတ်သက်သော အကြောင်းအရာများကို ဗဟုသုတတိုးပွားစေရန် အုပ်ချုပ်ရေးမှူးများက အကျယ်တဝင့် ဆွေးနွေးကြကြောင်း သိရသည်။

**(မြင့်မောင်စိုး)**

# အားနည်းမှုတွေကို ပြင်ဆင်ပြီး တိုးတက်အောင်ဖော်ဆောင်သွားမယ့် မြန်မာ့ခရီးသွားလုပ်ငန်း

*၂၀၁၆ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံတကာ ခရီးသွားလာသူ ၁ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားသည်။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ၂ ဒသမ ၉ သန်းဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်း လာရောက်မည်ဟု ခန့်မှန်းထားသည်။ ယခင်နှစ်နှင့် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလတူ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှိုင်းယှဉ်ချက်အရ ၂၂ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ကြောင်း အောက်တိုဘာ ၉ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ပြုလုပ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားမှ သိရသည်။*


ဒေါ်မေမြတ်မွန်ဝင်း


ဦးကျော်မင်းထင်


ဒေါ်တိုးခင်ခင်ခိုင်


ဦးခွန်ထွန်းဦး


ဦးတင့်သွင်


ဦးစိုးဦး

ယခုနှစ်ကို ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်များကို အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ကဏ္ဍဆိုင်ရာ ဆုရရှိကြသူများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ဆောင်ရွက်နေကြသူများက ဤသို့ ပြောကြားခဲ့ကြသည်။

**ဒေါ်မေမြတ်မွန်ဝင်း**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း**

ကျွန်မတို့အသင်းကို ၁၉၉၆ ခုနှစ်မှာ စတင်ဖွဲ့စည်းလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံကို ကမ္ဘာ့ခရီးသွားဈေးကွက်မှာ ပိုမိုနှစ်သက်တဲ့ ခရီးလမ်းဖြစ်အောင် ဆောင်ရွက်နေပါတယ်။ အာဆီယံနဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဥရောပနိုင်ငံတွေနဲ့ မြောက်အမေရိကတို့က ကျွန်မတို့နိုင်ငံကို လာရောက်တဲ့ အဓိကကျတဲ့ ခရီးသွားဈေးကွက်ဖြစ်ပါတယ်။ ဈေးကွက်တွေ ပိုမိုမြှင့်တင်ရရှိဖို့ ဒီနိုင်ငံတွေက မီဒီယာတွေ၊ခရီးသွားဝါသနာရှင်တွေနဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ ဖိတ်ပြီး မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသတွေကို မိတ်ဆက်ပြသတာတွေ လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍနဲ့ ပတ်သက်ပြီး သတင်းထုတ်ပြန်ချက်တွေကို နိုင်ငံတကာ ခရီးသွားကဏ္ဍနဲ့ သက်ဆိုင်သူတွေနဲ့ မီဒီယာတွေဆီကို ပေးပို့ပါတယ်။ ပြီးတော့ ဒစ်ဂျစ်တယ်ဈေးကွက်ဖြစ်တဲ့ http://myanmar.travel ကနေလည်း ခရီးသွားကဏ္ဍ အချက်အလက်တွေ တင်ပေးပြီးတော့ မြှင့်တင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ခရီးစဉ်တွေကို You Tube မှာလည်း တင်ပေးနေပါတယ်။ ကမ္ဘာ့ခရီးသွားကဏ္ဍမှာ အရေးကြီးတဲ့ ပြပွဲတွေကို သွားရောက်ပြီးပြသပါတယ်။ အရေးကြီးတဲ့ ခရီးသွားကဏ္ဍတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံ JATA ခရီးသွားပြပွဲကို ပြီးခဲ့တဲ့ကာလအတွင်းမှာ သွားရောက်ပြသခဲ့ပါတယ်။

ဂျပန်နိုင်ငံက ခရီးသွားများတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ခရီးသွားကဏ္ဍအတွက် ငွေကြေးအသုံးများတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ပြီးတော့ ဂျပန်နိုင်ငံက အာရှတွင်းနိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ဖို့လည်း အဆင်ပြေတယ်။ မြန်မာနိုင်ငံ ခရီးသွားကဏ္ဍဈေးကွက်အတွက် ဂျပန်နိုင်ငံဟာ ဆောင်ရွက်ဖို့သင့်တဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့လက ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီးတော့ ဈေးကွက်မြှင့်တင်ဖို့ သွားရောက်ခဲ့ပါတယ်။

ခရီးသွားဈေးကွက်အတွက် နိုင်ငံတိုင်းဟာ ခရီးစဉ်တွေ ဖော်ထုတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် သူတို့ထက်သာအောင် ကျွန်မတို့နိုင်ငံကလည်း ခရီးသွားကဏ္ဍ တိုးတက်ဖို့အတွက် ဆွဲဆောင်မှုသာမက ခရီးသွားတွေအတွက် မတူညီတဲ့ ခရီးသွားအတွေ့အကြုံတွေပေးနိုင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ ဆန်းသစ်မှုကို ရရှိမှာဖြစ်ပါတယ်။

ပြီးတော့ ကျွန်မတို့နိုင်ငံမှာ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်နေပါသေးတယ်။ မြန်မာနိုင်ငံရဲ့ နေရာအနှံ့မှာ လှပတဲ့နေရာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဒီထဲက တချို့နေရာတွေက သွားရလာရ ခက်ခဲတာ၊ လုံခြုံရေးအရ အဆင်မပြေတာ၊ ရေသန့်ရရှိမှု၊ သန့်ရှင်းတဲ့ အများသုံးအိမ်သာစနစ်တွေ စသည်ဖြင့် လိုအပ်နေတာတွေ ရှိနေပါသေးတယ်။

ဒီလို လိုအပ်ချက်တွေကို ဒီနေ့လို အခမ်းအနားတွေမှာ တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခရီးသွားကဏ္ဍတိုးတက်ဖို့အတွက် နိုင်ငံတကာဈေးကွက်နဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကျွန်မတို့နိုင်ငံက ကြိုးစားရဦးမှာဖြစ်ပါတယ်။ ခရီးသွားကဏ္ဍက နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့အတူ ရှေ့ဆက်ပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**ဦးကျော်မင်းထင်**
**အထွေထွေအတွင်းရေးမှူး(၂)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်**

ဒီနေ့အခမ်းအနားကနေ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ နှစ်ခုကြား ဆက်ဆံရေးကို ပိုမိုနီးကပ်အောင် ဆောင်ရွက်ပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပြီးတော့ အစိုးရနဲ့ ပုဂ္ဂလိကကြား ဆက်ဆံရေးက အားနည်းနေသေးတဲ့အတွက် ဒီနေ့အခမ်းအနားတွေကနေ တွန်းအားပေးနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာက သိရှိအောင် ဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ ခရီးသွားတွေ ပိုမိုဝင်ရောက်အောင် ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်း ထိုင်းနိုင်ငံကို တစ်နှစ်မှာ ခရီးသွား ၂၈ သန်းလောက် ဝင်ရောက်တယ်။ ကျွန်တော်တို့နိုင်ငံကျတော့ ၁ ဒသမ ၂ သန်းလောက်ပဲ ဝင်ရောက်တော့ သူတို့နဲ့နှိုင်းယှဉ်ရင် နည်းနေသေးတယ်။ ဒါကြောင့် ခရီးသွားကဏ္ဍကို ပိုမိုမြှင့်တင်ဖို့၊ ခရီးသွားတွေ ပိုမိုဝင်ရောက်ဖို့ ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ဒီအပိုင်းမှာ အားနည်းနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကူညီပံ့ပိုးမှုနဲ့ လုပ်ဆောင်မယ်ဆိုရင် အားနည်းချက်တွေ ပြင်ဆင်နိုင်မှာဖြစ်ပြီး တိုးတက်မှုရရှိမှာ ဖြစ်ပါတယ်။ ခရီးသွားကဏ္ဍက နိုင်ငံတော်ရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့အတွက် အားလုံးကို ပူးပေါင်းပါဝင်ပေးစေလိုပါတယ်။

**ဒေါ်တိုးခင်ခင်ခိုင်**
**အထွေထွေမန်နေဂျာ၊ Hotel Amara နှင့် Grand Amara Hotel (ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံး ဟိုတယ်၊ တတိယဆု)**

ကျွန်မတို့ ဟိုတယ်တွေအနေနဲ့ နေပြည်တော်မှာ လာရောက်တည်းခိုသူတွေကို အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒါကြောင့် ဝန်ဆောင်မှုစွမ်းဆောင်ရည် အကောင်းဆုံးဆုထဲမှာ ပါဝင်ခဲ့ပါတယ်။ နေပြည်တော်ဟိုတယ်ဇုန်မှာ ယခုထက်ပိုပြီးတော့ ဧည့်သည်တွေ ပိုမိုဝင်ရောက်လာရင် နေပြည်တော်က ဟိုတယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရရှိမှာပါ။ ဒီလိုရရှိဖို့ အစိုးရကဏ္ဍနဲ့ ဟိုတယ်ကဏ္ဍ ပိုပြီးပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**ဦးခွန်ထွန်းဦး**
**ပအိုဝ်းဒေသ ကျေးရွာလူနေပူးပေါင်းပါဝင်သော ခရီးသွားလုပ်ငန်း (ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း အအောင်မြင်ဆုံးဆု)**

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းထဲကနေ ပအိုဝ်းဒေသမှာလုပ်နေတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဟာ ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့ ကိုက်ညီလို့ ဒီနေ့အခမ်းအနားမှာ The Best Performance Award for Community Based Tourism ဆုရရှိပါတယ်။ ခရီးသွားလုပ်ငန်းလုပ်နေတဲ့ ပအိုဝ်းကျေးရွာတွေဟာ အင်းလေးကန် အရှေ့ဘက် တောင်ကြောပေါ်မှာရှိပါတယ်။ ခရီးသွားလုပ်ငန်းကို ရွာသုံးရွာမှာ ဆောင်ရွက်နေပါတယ်။ ဒေသခံတွေကိုလည်း ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ဆက်တိုက်ပံ့ပိုးပေးနေပါတယ်။

ရေရှည်တည်တံ့တဲ့ ခရီးသွားလုပ်ငန်းတစ်ရပ်ပေါ်ပေါက်လာဖို့ သက်ဆိုင်ရာကဏ္ဍတွေမှာရှိတဲ့ လူထုအားလုံး ခရီးသွားလုပ်ငန်းမှာ ပါဝင်ဖို့လိုပါတယ်။ ဒီလိုပါဝင်ပြီးတော့ အကျိုးအမြတ်တွေရဖို့လည်း လိုအပ်ပါတယ်။ အကျိုးအမြတ်ဆိုတဲ့ နေရာမှာ ငွေကြေးတစ်ခုတည်းမဟုတ်ဘဲနဲ့ ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ကိုလည်း ဖော်ထုတ်ပြသခွင့်ရဖို့ လိုအပ်ပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ညီညီညွတ်ညွတ်နဲ့ ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းတိုးတက်ဖို့ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်သွားလို့မရပါဘူး။ အားလုံးပူးပေါင်းမှသာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမှာ ဖြစ်ပါတယ်။

**ဦးတင့်သွင်**
**ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန**

ဒီနှစ် အထိမ်းအမှတ် အခမ်းအနားမှာ မျိုးဆက်သစ်လူငယ်တွေကို ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှာ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်တဲ့ ဟိုတယ်တွေကို ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ အထူးခြားဆုံးဆုကတော့ အာဆီယံစံချိန်စံညွှန်းတွေနဲ့အညီ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းတွေအတွက် ရေအိမ်သန့်ရှင်းရေး လုပ်ငန်းစဉ်တွေကို အကောင်းဆုံးလုပ်နိုင်တဲ့သူတွေ၊ ရပ်ရွာအခြေပြုလုပ်ငန်းတွေမှာ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်နေတဲ့ ကျေးရွာတွေကို ဂုဏ်ပြုမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ ဆုရွေးချယ်တဲ့အခါမှာ အခြေခံအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ သတ်မှတ်တဲ့ ရည်မှန်းချက်တွေ၊ လုပ်ငန်းဆောင်ရွက်မှုတွေကို စိစစ်ပါတယ်။ ပြီးတော့ ဆုရွေးချယ်ရေးကော်မတီကနေ ထပ်ဆင့်ပြီးတော့မှ စိစစ်ရွေးချယ်တာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်ရဲ့ ခရီးသွားလုပ်ငန်းဝင်ရောက်မှုကို ၂၀၁၆ ခုနှစ်ရဲ့ ကာလတူနှိုင်းယှဉ်မယ်ဆိုရင် ရာခိုင်နှုန်း တိုးတက်လာပါတယ်။ ၂၂ ရာခိုင်နှုန်းလောက် တိုးတက်လာပါတယ်။ ပြီးတော့ ပြည်တွင်းခရီးသွားတွေအနေနဲ့လည်း တိုးတက်များပြားလာတာကို တွေ့မြင်ရပါတယ်။

မြန်မာနိုင်ငံမှာ ခရီးသွားကဏ္ဍဟာ တိုးတက်မှုရှိနေပြီး ကမ္ဘာ့ခရီးသွားအဖွဲ့ရဲ့ ရည်မှန်းချက်အရဆိုရင်တော့ နောက် ၁၀ နှစ်အတွင်းမှာ မြန်မာနိုင်ငံက ခရီးသွားလုပ်ငန်းဟာ ထိပ်ဆုံးနိုင်ငံတွေအဆင့်မှာ ပါလာနိုင်တယ်ဆိုတဲ့ သုံးသပ်ချက်ရှိပါတယ်။ အခုနှစ်အတွက် မြိတ်ကျွန်းစု၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တွေကို ခရီးသွားလုပ်ငန်းအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ် မြောက်ခြမ်းရဲ့ အခြေအနေတွေက ခရီးသွားလုပ်ငန်းတွေအပေါ်မှာ ရိုက်ခတ်မှုမရှိပါဘူး။ ကမ္ဘာ့ခရီးသွားကောင်စီရဲ့ ကိန်းဂဏန်းတွေအရတော့ ၁ ဒသမ ၃ သန်းလောက် အလုပ်အကိုင်တွေ ရှာဖွေပေးနိုင်တယ်။ စုစုပေါင်း အခွင့်အလမ်းအားလုံးက ၃ ဒသမ ၇ ရာခိုင်နှုန်းလောက်ရှာပေးနိုင်တယ်လို့ သိရပါတယ်။

**ဦးစိုးဦး**
**စစ်ကိုင်းတိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (သန့်ရှင်းသော အများသုံး သန့်စင်ခန်းအကောင်းဆုံး စီစဉ်ဆောင်ရွက်နိုင်မှုဆု)**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သန့်စင်ခန်းတွေက ပြည်တွင်း၊ ပြည်ပမှာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် တိုင်းဒေကြီးအစိုးရအဖွဲ့ကနေ ဦးဆောင်ပြီးတော့ ဟိုတယ်နဲ့ ခရီးသွားညွှန်ကြားမှုဦးစီးဌာနနဲ့ ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးတို့က အစိုးရအဖွဲ့နဲ့ တိုင်ပင်ပြီးတော့ လမ်းမကြီးတွင် အချက်အချာကျတဲ့ စက်သုံးဆီဆိုင်တွေမှာ စပြီးတည်ဆောက်တဲ့အချိန်မှာ သန့်စင်ခန်းတွေ ဆောင်ရွက်ပါတယ်။ ဒီဘဏ္ဍာနှစ်မှာ စပြီးတော့ လုပ်ဆောင်ပါတယ်။ ဒီနှစ်မှာ စပြီးလုပ်တာဖြစ်တဲ့အတွက် စစ်ကိုင်းနဲ့ မုံရွာကြားမှာဆိုရင် ငါးဆိုင်၊ စစ်ကိုင်းနဲ့ ရွှေဘိုကြားမှာ တစ်ဆိုင်၊ ရွှေဘိုနဲ့ ကောလင်း၊ ကောလင်းနဲ့ အင်းတော်၊ အင်းတော်နဲ့ ကသာ၊ ကလေးနဲ့ တမူး စတဲ့လမ်းတွေမှာ ညှိနှိုင်းထားတဲ့ဆိုင်တွေလည်းရှိပါတယ်။ နှစ်လအတွင်းမှာ ပြည်တွင်း၊ ပြည်ပသုံးစွဲဖို့ သန့်စင်ခန်း ၁၄ ခု စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။

ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ "ရေရှည်တည်တံ့ခရီးသွားဖွံ့ဖြိုးမှုအတွက် ပြည့်စွမ်းအား" ဖြစ်ပြီး ခရီးသွားလုပ်ငန်းကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမောင်းနှင်အားတစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။ ထိုသို့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကသက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးလက်ဒေသများတွင် ရပ်ရွာ အခြေပြုခရီးသွားလုပ်ငန်းများဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ရှင်မင်း၊ မွေးကြို
ဓာတ်ပုံ-ရွှေကိုလေး

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန်အစီး ၁၆၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၀၉၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁၈၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၂၈၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၉ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအားသတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများပြုလုပ်စဉ် မိုင်တိုင်(၁၉၃/၀) မိုင်လီကျေးရွာအနီး၌ ရပ်တန့်ထားသော Mitsubishi Chariot ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးတို့ကို မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၁၀၂ တုံး (၁ ဒသမ ၇၇၃၆)တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၂၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐





**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

# ဘားအံမြို့၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်၊ ဓာတ်တိုင်တချို့ ပြိုလဲပျက်စီး

**ဘားအံ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့၌ ယနေ့ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်ရာ ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း သစ်ပင်များပြိုလဲခြင်း၊ သစ်ကိုင်းများကျိုးကျခြင်း၊ ဘားအံအထက(၁)ကျောင်းဆောင်တချို့ အမိုးလန်ပျက်စီးခဲ့ခြင်းများအပြင် ဓာတ်တိုင်အချို့မှာလည်း ပျက်စီးခဲ့၍ မြို့ပေါ်ရပ်ကွက်အချို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ကြောင်း သိရသည်။

ဘားအံမြို့ အမှတ် (၃ )ရပ်ကွက် တန်းမြင့်ကျောင်းလမ်းရှိ အထက(၁) ကျောင်းဝင်းအတွင်း မြကျေးမုံအဆောင်ရှေ့တွင် သစ်ပင်လဲကျခြင်း၊ မြရွှေဝါ နှစ်ထပ်ကျောင်းဆောင်(အဟောင်း)ရှိ အမိုးသွပ်များလန်ခြင်းနှင့် သစ်သားတန်းများ ပြုတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် ဘားအံမြို့ပေါ်ရပ်ကွက် အချို့၌သစ်ပင်၊ သစ်ကိုင်းများကျိုးကျခြင်းနှင့်အတူ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ဘုရားလမ်း၊ လေသာကျောင်းအနီးရှိ ဓာတ်တိုင်တစ်တိုင်မှာ မိုးသက်လေပြင်းကြောင့် သုံးပိုင်းကျိုးကျပျက်စီးခဲ့၍ ဓာတ်တိုင်အချို့မှာလည်းအနည်းငယ်ယိမ်းယိုင်ခဲ့ရကာ မြို့ပေါ်ရပ်ကွက်အချို့မှာလည်း လျှပ်စစ်ဓာတ်အားခေတ္တပြတ်တောက်ခဲ့သည်။ အဆိုပါဓာတ်တိုင်ကျိုးကျရာနေရာသို့ ဘားအံမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန အင်ဂျင်နီယာမှူး ဦးအောင်သန်းလင်းနှင့်ဌာနဝန်ထမ်းများလာရောက်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ခဲ့ကြသည်။

ဘားအံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်သန်းလင်းက "လေပြင်းတိုက်တဲ့အချိန်မှာ ကြိုးကလည်း ဝိတ်ရှိတယ်၊ တိုင်ကလည်းနှစ်ပေါင်းများစွာကြာနေပြီဆိုတော့ ခံနိုင်အားမရှိဘူး။ ဆိုင်းကြိုးကလည်းမရှိတော့ ဓာတ်တိုင်ကျိုးကျသွားတာပါ။ အဲဒီတိုင်ကို နေရာပြောင်းရွှေ့ပြီး တိုင်အသစ်စိုက်မယ်။ ဆိုင်းကြိုးတွေထည့်ပြီးတော့ ကြိုးတွေကို ပြန်လည်တပ်ဆင်မယ်။ တခြားတိုင်တွေက စောင်းသွားတဲ့တန်းတွေ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာပါ။ အမြန်ဆုံးလျှပ်စစ်ဓာတ်အားလိုင်းတွေ ပြန်လွှတ်နိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# အမ်းမြို့နယ်၌ သက်န်းသစ်ခွဲသားများ တင်ဆောင်သည့်စက်လှေတစ်စင်း သိမ်းဆည်းရမိ

**အမ်း အောက်တိုဘာ ၁၀**



ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် စခန်းမော်ကျေးရွာအနီး ချောင်းအတွင်း သစ်လှေတစ်စင်း ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သက်န်းသစ်ခွဲသား(အခြားသား) အလုံး ၅၀ ခန့်ကို အောက်တိုဘာ ၉ ရက် ည ၁၀ နာရီခွဲခန့်က တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဖမ်းဆီးရာတွင် အမ်းမြို့မရဲစခန်းမှဒုရဲအုပ် ကံမြင့်နှင့်အဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်း သုံးဦးတို့သည် အမ်းမြို့နယ် စခန်းမော်ကျေးရွာ ကူးတို့ဆိပ်နှင့် သုံးဖာလုံခန့်အကွာချောင်းအတွင်းသစ်လှေတစ်စင်းရောက်ရှိနေကြောင်း သတင်းအရ စခန်းမော်အုပ်ချုပ်ရေးမှူးဦးအောင်ဝင်းနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရပ်တန့်ထားသည် အလျား ပေ ၅၀၊ အနံ ၁၂ ပေ၊ ဝမ်းအနက် နှစ်ပေခန့်ရှိသော လှေပေါ်တွင် လှေပိုင်ရှင် ဦးနိုင်ဝင်းလှိုင်နှင့် အမ်းမြို့နယ် ဇင်တောကျေးရွာနေ ဦးမင်းဇော်တို့နှစ်ဦးအား တရားမဝင်သက်န်းသစ်ခွဲသားနှင့် အခြားသား အလုံး ၅၀ ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် လေးသိန်းကျော်ခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဦးနိုင်ဝင်းလှိုင်၊ ဦးမင်းဇော်နှင့် သိမ်းဆည်းရမိသော သစ်စက်လှေတို့အား မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အမ်း(ပြန်/ဆက်)**

# ဆွာချောင်းဆည်ရေပိုလွှဲအနီး သမယ်ဆယ်ချောင်းအတွင်းမှ တရားမဝင်ကျွန်းသစ်ဖောင်သိမ်းဆည်းရမိ

**ရေတာရှည် အောက်တိုဘာ ၁၀**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဆွာချောင်းဆည်ရေပိုလွှဲအနီး သမယ်ဆယ်ချောင်းအတွင်း အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တရားမဝင်ကျွန်းသစ်ခွဲသားများ ဖောင်ဖွဲ့နေကြောင်း သတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သမယ်ဆယ်ချောင်းအတွင်း သစ်ဖောင်ဖွဲ့နေသူများမှာ သစ်တောအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်ကို တွေ့ရသည်။

ချောင်းအတွင်း တွေ့ရှိရသည့် သစ်ဖောင်အား ရှာဖွေစစ်ဆေးခဲ့ရာ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၆၁ ချောင်း(၂ ဒသမ ၉၉၉၆)တန်၊ အရှည် ကိုးပေရှိ ကျွန်းသစ် ၁၉ လုံး(၁ ဒသမ ၀၅၉၄) တန် စုစုပေါင်း (၄ ဒသမ ၀၅၉) တန်အား သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် သစ်ထုတ်လုပ်သူများ အနေဖြင့် ဆွာချောင်းဆည်ရေပြင်အား စက်လှေများဖြင့်ဘေးတစ်ဖက်တစ်ချက်တွဲလျက် ဆည်မြောက်ဘက်ခြမ်း ဒေသအခေါ် ဝက်ယား ကျင်းလျှိုမှဖြတ်ကျော်ကာ သမယ်ဆယ်ချောင်းအတွင်းသို့ ကဲ့ယူခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ထို့အတူ ယင်းနေ့နံနက် ၇ နာရီခန့်က သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်အမှတ် ခြောက်မိုင်သုံးဖာလုံအနီး၌ တရားမဝင်ကျွန်းသစ်ခွဲသား ၁၅ ချောင်း (သုည ဒသမ ၃၇၆) တန် တင်ဆောင်လာသော ဆိုင်ကယ်နှစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

**မီး သတိပြု**

# ကသာမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီက ကသာမြို့နယ် လမ်းခွကျေးရွာအနီး သံလမ်းကူးတွင် ကိုဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ကိုဝင်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၅၇၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကူမဲမြို့ လမ်းမတော်ရပ် ရန်ကုန်-မန္တလေးကားလမ်း ကျော်ဘီယာဆိုင်ရှေ့တွင် ထွန်းထက်သူ(ခ)ဝလုံး မောင်းနှင်ပြီး ရဲမင်းထက်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။


ထို့အတူ ညနေ ၃ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာအုပ်စု ဘောဒူဖကျေးရွာ အုန်းတောကြီးမြောက် ကယ်ဆယ်ရေးစခန်းနေ မခင်လှ(ခ)မဖာတေမာခါတူ၏ အခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၉၁၂ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးပြား(အကျိုးအကြေ) ၃၄ ဒသမ ၁၈ ဂရမ် တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐



# ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် မက်ဆီကို ဇန်နဝါရီ ဈေးကွက်အတွင်း ခေါ်ယူရန် မန်စီးတီး ပစ်မှတ်ထား




မန်စီးတီးအသင်းသည် တိုက်စစ်မှူး မက်ဆီကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ဖြစ်လာမည့် ပေါင်သန်း ၄၀၀ နီးပါးအထိအသုံးပြုပြီး လာမည့် ဇန်နဝါရီ ဈေးကွက်အတွင်း ခေါ်ယူနိုင်ရန် ပြင်ဆင်နေကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်မှာ ၂၀၁၈ ခုနှစ်နွေဈေးကွက်အတွင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး မက်ဆီက ဘာစီလိုနာ၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ဘယ်အချိန်တွင် လက်မှတ်ရေးထိုးမည်လဲ ဆိုသည်ကို ရေငုံနှုတ်ပိတ်နေဆဲပင်ဖြစ်သည်။ ထိုသို့သော အနေအထားတွင် ဘာစီလိုနာနည်းပြဟောင်း ဂွါဒီယိုလာက တပည့်ဟောင်း မက်ဆီကို မန်စီးတီးသို့ ပေါင် ၃၅၇ သန်း အသုံးပြုခေါ်ယူရန် ပြင်ဆင်နေရာ ယင်းပမာဏမှာ နေမာအတွက် ပီအက်စ်ဂျီမှ အသုံးပြုခဲ့သည့် ပေါင်သန်း ၂၀၀ ၏ နှစ်ဆနီးပါးပမာဏပင်ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်း မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သစ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်ဟု သတင်းထွက်ခဲ့သော်လည်း တကယ်တမ်းတွင်မူ ညှိနှိုင်းဆဲ အဆင့်ဖြင့်သာ ရပ်တန့်နေခဲ့သည်။ လာမည့်နှစ်နွေဈေးကွက် မတိုင်မီ မက်ဆီသာ စာချုပ်သစ်လက်မှတ်မရေးထိုးဖြစ်ပါက ဘာစီလိုနာအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရမည့် အခြေအနေဆိုက်နေသလို တစ်ဖက်တွင်လည်း ဘာကာနှင့် မက်ဆီတို့ကြား ချုပ်ဆိုထားသည့် စာချုပ်ပါထွက်ခွာခွင့် အချက်အလက်အရ ပေါင်သန်း ၃၀၀ နီးပါး ရရှိပါက ထွက်ခွာခွင့် ပြုမည်ဟူသော အချက်ပါရှိရာ မက်ဆီကို လက်လွှတ်ဆုံးရှုံးရမည့်အရေး ရတက်မအေး ဖြစ်နေရခြင်းဖြစ်သည်။

မက်ဆီမှာ ဘာစီလိုနာတွင် လတ်တလော ပျော်ရွှင်မှု ရနေသော်လည်း ဇနီးဖြစ်သူက နိုင်ငံရပ်ခြားတွင် အခြေချလိုနေခြင်းကြောင့် မန်စီးတီးသို့ မက်ဆီ ရောက်ရှိရေးမှာ လုံးဝမဖြစ်နိုင်သည့် အခြေအနေတစ်ရပ်ဟု ဆို၍မရပေ။ ဂွါဒီယိုလာက မက်ဆီကို ခေါ်ယူရန် အမြဲတမ်း ကြိုးပမ်းနေသူဖြစ်ပြီး ဘယ်ကစားသမားမှ မက်ဆီ၏ စွမ်းရည်ကို ယှဉ်နိုင်ခြင်း မရှိကြောင်း ဆိုခဲ့ဖူးသည်။

## အဲဗာတန်ကို ရောက်ရန် အနီးစပ်ဆုံး အခြေအနေ ရောက်ရှိခဲ့ဟု ဂျရူး ဝန်ခံ

တိုက်စစ်မှူး ဂျရူးက ပြင်သစ်အသင်းဖော် လာကာဇက်ကို အာဆင်နယ်မှ ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီးနောက် အာဆင်နယ်မှ ထွက်ခွာကာ အဲဗာတန်အသင်းသို့ ရောက်ရှိရန် အနီးစပ်ဆုံး အခြေအနေရောက်ရှိခဲ့သည်ဟု ဝန်ခံပြောကြားလိုက်သည်။ ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ဂျရူးကို အဲဗာတန်အပြင် ဝက်စ်ဟမ်း၊ မာဆေးလ်နှင့် လိုင်ယွန်တို့ကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ဂျရူးက အာဆင်နယ်တွင် သူ့အိပ်မက်များ မပြီးဆုံးသေးဟု ယုံကြည်သောကြောင့် ဆက်ရှိခဲ့ခြင်းဖြစ်ကာ သူ၏ ဆုံးဖြတ်ချက် မှန်ကန်ခဲ့ကြောင်း ဆိုခဲ့သည်။

မေလွဲ့သင်း ရေးသားသည်

## ချယ်လ်ဆီးလက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ရန် ပီယာလို ဆန္ဒရှိ

နယူးယောက် စီးတီးကွင်းလယ်လူ ပီယာလိုက မေဂျာလိဂ် ဘောလုံးရာသီပြီးဆုံးသည့် ဒီဇင်ဘာလတွင် ဘောလုံးကစားခြင်းမှ အနားယူမည်ဖြစ်ကြောင်း ကြေညာထားခဲ့ပြီး ချယ်လ်ဆီးအသင်း လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိနေကြောင်း သိရသည်။ ပီယာလိုမှာ အေစီမီလန်၊ ဂျူဗင်တပ်အသင်းတို့တွင် အောင်မြင်မှုများစွာ ရရှိခဲ့သူဖြစ်ပြီး လက်ရှိတွင် အသက် (၃၈)နှစ် ရှိနေပြီဖြစ်သည်။ ပီယာလိုက ဘောလုံးကစားခြင်းမှ အနားယူပြီးပါက ဆရာဟောင်း ကွန်တီနှင့် လက်တွဲအလုပ်လုပ်ရန် စိတ်ဝင်စားနေခြင်းကြောင့် ချယ်လ်ဆီးအသင်းတွင် ကွန်တီ၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်နိုင်ဖွယ်ရှိနေသည်ဟု ခန့်မှန်းနေခြင်းဖြစ်သည်။

ပီယာလိုက ယခုလို အသက်ကြီးပိုင်းရောက်ရှိလာချိန်တွင် နေ့စဉ်နေ့တိုင်း ကြံ့ခိုင်မှုပြဿနာရှိနေသဖြင့် အခြားအလုပ်တစ်ခုကိုသာ ပြောင်းလဲလုပ်ကိုင်တော့မည်ဖြစ်ကြောင်း ဆိုခဲ့ရာ ယခုကဲ့သို့ သတင်းများထွက်လာခြင်းဖြစ်သည်။ ပီယာလိုသည် စီနီယာ ကစားသမားဘဝကို ၁၉၉၅ ခုနှစ် ဘရက်စီယာအသင်းတွင် စတင်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် အင်တာမီလန်၊ ၂၀၀၁ မှ ၂၀၁၁ ခုနှစ်အထိ အေစီမီလန်နှင့် ယင်းနောက် ဂျူဗင်တပ်အသင်းတို့တွင်ကစားခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည်။ ပီယာလိုမှာ အေစီမီလန်အသင်းနှင့်အတူ စီးရီးအေဖလားနှစ်ကြိမ်၊ ဂျူဗင်တပ်နှင့်အတူ စီးရီးအေဖလား လေးကြိမ်တို့ကို ဆွတ်ခူးခဲ့သလို အီတလီအသင်းနှင့်လည်း ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ဖလား ချန်ပီယံဖြစ်ခဲ့သည်။

## ဆာလာကို ဂုဏ်ပြုခဲ့

အီဂျစ်နိုင်ငံသည် အီဂျစ်အသင်းကို ၂၈ နှစ်အတွင်း ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်စေခဲ့သော ဆာလာကို ဂုဏ်ပြုသည့်အနေဖြင့် ဆာလာ၏ မွေးရပ်မြေ ဘက်ယွန်းရှိ ကျောင်းတစ်ကျောင်းကို ဆာလာဟု အမည်ပေးခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အီဂျစ်နှင့် ကွန်ဂိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အီဂျစ်က ဆာလာ၏ သွင်းဂိုးဖြင့် ကွန်ဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ နှစ် ၃၀ နီးပါးအကြာတွင် ပထမဦးဆုံး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ဆာလာမှာ အီဂျစ်အသင်း၏ ခြေစစ်ပွဲ တစ်လျှောက် ငါးပွဲဝင်ရောက်ကစားပြီး သွင်း ဂိုးငါးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် အထိ ပြုလုပ်ကာ နိုင်ငံအသင်းကို ကမ္ဘာ့ ဖလားဝင်ခွင့် တစ်နေရာ ရရှိစေခဲ့ခြင်းဖြစ်သည်။ ဆာလာမှာ ယခုနှစ် နွေရာသီအတွင်း လီဗာပူးအသင်းသို့ ရောက်ရှိလာခဲ့ပြီး နောက် ၁၁ ပွဲ ဝင်ရောက်ကစားပြီး ခြောက်ဂိုးသွင်းယူ ထား နိုင်သူဖြစ် သည်။



# စိတ်ဝင်စားဖွယ်ပွဲကောင်းများစွာနဲ့ စီးရီးအေရင်ခုန်သံ-၈

ရှိုင်းမင်းမင်း

**စီးရီးအေပွဲစဉ် ၈ ကိုလာမယ့် အောက်တိုဘာ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဂျူဗင်တပ်နဲ့ လာဇီယို၊ ရိုးမားနဲ့ နာပိုလီ၊ အင်တာမီလန်နဲ့ အေစီမီလန်တို့ ဆုံတွေ့တဲ့ပွဲတွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲစဉ်တစ်ခု ဖြစ်လာမှာသေချာနေပါတယ်။**

### ဂျူဗင်တပ် - လာဇီယို ည ၁၀း၃၀ (၁၄-၁၀-၁၇)

အတ္တလန်တာကို အနိုင်ရယူနိုင်ခြင်းမရှိခဲ့တာကြောင့် ဂျူဗင်တပ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းဖြစ်တာကြောင့် ဂျူဗင်တပ်တို့ ပိုပြီး အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် လာဇီယိုကလည်း ခြေစွမ်းပိုင်းကောင်းမွန်တာကြောင့် ဂျူဗင်တပ်ကိုပြန်လည်တုံ့ပြန်နိုင်ဖို့ ရှိနေပါတယ်။ အကြိတ်အနယ်ရှိမယ့် ပွဲဖြစ်ပြီး ဂျူဗင်တပ် ကပ်ပြီးသာနိုင်မယ်။

### ရိုးမား - နာပိုလီ နံနက် ၁း၁၅ (၁၅-၁၀-၁၇)

နာပိုလီရဲ့ခြေစွမ်းက အကောင်းဆုံးပုံစံမှာရှိနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ထက်မြက်နေပါတယ်။ ဒါပေမယ့်လည်း ရိုးမားကလည်း ခြေစွမ်းအရတည်ငြိမ်မှုရှိနေကာ အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်တာကြောင့် နာပိုလီတို့ နိုင်ပွဲရယူနိုင်ဖို့ အခက်တွေ့နိုင်ပါတယ်။ နိုင်ပွဲဆက်နေတဲ့နာပိုလီတို့ နိုင်ပွဲရပ်တန့်သွားနိုင်ပါတယ်။

### ဖီအိုရင်တီးနား - အူဒီးနီးစ် ညနေ ၅း၀၀(၁၅-၁၀-၁၇)

ဖီအိုရင်တီးနားခြေက ဒီရာသီမှာတည်ငြိမ်မှုမရှိဘူး။ နောက်ဆုံး သုံးပွဲဆက်အနိုင်မရခဲ့တာတွေ့ရတယ်။ ဒါပေမယ့်လည်း နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးခဲ့တာကြောင့် ဖီအိုရင်တီးနားတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါ့အပြင် အူဒီးနီးစ်ခြေကလည်းသာမန်သာရှိတာကြောင့် ဒီပွဲမှာတော့ ဂိုးပြတ်နိုင်ဖို့ အခွင့်အလမ်းနည်းပေမယ့် ဖီအိုရင်တီးနား နိုင်ပွဲတော့ရမယ်။

### ဘိုလော့နာ - SPAL ည ၇း၃၀ (၁-၁၀-၁၇)

SPAL ဟာ အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းလာတာကို တွေ့ရပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်းဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာနိုင်ပေမယ့် အဝေးကွင်းဖြစ်နေပါတယ်။ ဘိုလော့နာကတော့ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းပေမယ့် ခံစစ်ပိုင်းကစားပုံကောင်းမွန်မှုရှိသလို အခုနောက်ပိုင်းမှာအသင်းလိုက်ကစားအားလည်း တိုးတက်မှုရှိလာပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဘိုလော့နာတို့ ပိုမိုအားစိုက်မှာဖြစ်သလို နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### ကယ်ဂလီယာရီ - ဂျီနိုအာ ည ၇း၃၀ (၁၅-၁၀-၁၇)

ကယ်ဂလီယာရီခြေစွမ်းပိုင်းက အတော်လေး အားနည်းမှုတွေရှိနေတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုမရှိဘူး။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်နေတာကြောင့် ကယ်ဂလီယာရီတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ ဒါ့အပြင် ဂျီနိုအာ ခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဒီပွဲမှာတော့ ကယ်ဂလီယာရီတို့ နိုင်ပွဲပြန်လည်ရယူသွားနိုင်မှာပါ။

### ခရိုတိုနီ - တိုရီနို ည ၇း၃၀ (၁၅-၁၀-၁၇)

ခရိုတိုနီက ဂိုးသွင်းခြေတည်ငြိမ်မှု မရှိပေမယ့်လည်း အခုနောက်ပိုင်းမှာ အသင်းလိုက်စွမ်းဆောင်ရည်တိုးတက်လာပါတယ်။ ဒါ့အပြင် ရလဒ်တွေဆိုးရွားခဲ့တာကြောင့်လည်း ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမယ့်အပြင် အိမ်ကွင်းဖြစ်နေပါတယ်။ တိုရီနိုကတော့ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတာကို သတိပြုရမယ်။ တိုရီနိုအနေနဲ့လည်း ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခရိုတိုနီရဲ့ တုံ့ပြန်အားကြောင့် သရေကျနိုင်တယ်။

### ဆမ်ဒိုးရီးယား - အတ္တလန်တာ ည ၇း၃၀ (၁၅-၁၀-၁၇)

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဂျူဗင်တပ်ကိုသရေကစားနိုင်ခဲ့တဲ့ အတ္တလန်တာခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေတာကို သိပြုရမယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဆမ်ဒိုးရီးယားခြေကလည်း ကောင်းမွန်မှုရှိနေကာ အိမ်ကွင်းပွဲတွေမှာဆိုရင် ဆမ်ဒိုးရီးယားခြေက ပိုမိုပြီးကောင်းမွန်တတ်ပါတယ်။ အတ္တလန်တာတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်မှာဖြစ်ပေမယ့် ဆမ်ဒိုးရီးယားပဲ ကပ်နိုင်မယ်။

### ဆာစူအိုလို - ချီယေဗို ည ၇း၃၀ (၁၅-၁၀-၁၇)

ခုနစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာ အနိုင်ရထားတဲ့ ဆာစူအိုလိုခြေက အားနည်းမှုတွေများတယ်။ အထူးသဖြင့် လေးဂိုးသာသွင်းထားနိုင်တဲ့ တိုက်စစ်ကအားနည်းလွန်းတာကြောင့် ဆာစူအိုလိုတို့ အိမ်ကွင်းမှာတောင် နိုင်ပွဲရဖို့ ရုန်းကန်နေရပါတယ်။ ချီယေဗိုကတော့ အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်ကစားပုံကောင်းမွန်မှုရှိလာသလို အသင်းလိုက် ခြေစွမ်းပိုင်းလည်း ပိုမိုတိုးတက်လာတာကိုတွေ့ရတယ်။ ဆာစူအိုလိုကွင်းဖြစ်ပေမယ့်လည်း ခြေပိုကောင်းတဲ့ ချီယေဗိုပဲအနိုင်ရမယ်။

### အင်တာမီလန် - အေစီမီလန် နံနက် ၁း၁၅ (၁၆-၁၀-၁၇)

မီလန် ဒါဘီဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာနှစ်သင်းစလုံးအထိ ရောက်ဆုံးအားဖြည့်မှုတွေ ပြုလုပ်ထားပေမယ့် ခြေစွမ်းအရတော့ အေစီမီလန်က အနည်းငယ် ကျဆင်းနေပါတယ်။ အင်တာမီလန်ကတော့ တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေတည်ငြိမ်မှုရှိနေတာကြောင့် ဒီပွဲမှာတော့ အင်တာမီလန်က သာကပ်နိုင်ဖို့ရှိနေတယ်။

### ဗီရိုနာ - ဘီနီဗန်တို နံနက် ၁း၁၅ (၁၇-၁၀-၁၇)

တန်းတက်နှစ်သင်းဆုံတဲ့ပွဲဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းကတော့ လက်ရှိအချိန်မှာ ကွာဟနေပါတယ်။ ဘီနီဗန်တိုက လက်ရှိအချိန်အထိ နိုင်ပွဲတစ်ပွဲမှရယူနိုင်ခြင်း မရှိသေးသလို သွင်းဂိုးလည်းနှစ်ဂိုးသာသွင်းယူထားနိုင်ပါတယ်။ ဗီရိုနာကတော့ အိမ်ကွင်းဖြစ်တဲ့အပြင် ခြေစွမ်းပိုင်းလည်းကောင်းနေတဲ့ အသင်းဖြစ်တာကြောင့် ဒီပွဲမှာလည်း ဗီရိုနာကသာ အိမ်ကွင်းနိုင်ပွဲ ရယူသွားနိုင်ဖို့ရှိနေပါတယ်။

# လှိုင်ကော်သူလေး ဆင်မပိုပို အသက် (၆၄) နှစ်ပြည့်ခဲ့ပြီ

ဒေါက်တာမြင့်သိန်း (B.V. S)

ကမ္ဘာ့နိုင်ငံအသီးသီးရှိ တိရစ္ဆာန်ဥယျာဉ်တိုင်းတွင် တောရိုင်းတိရစ္ဆာန်များကိုသူ့ထက်ငါသာအောင် အမျိုးမျိုး အထွေထွေ ပြသကြပါသော်လည်း မပြမဖြစ် မပါမဖြစ် မရှိမဖြစ် ပြသရသော တိရစ္ဆာန်မျိုးစိတ်တစ်မျိုးရှိနေခဲ့ပါသည်။ ယင်းသည်ကား ဆင်များပင်ဖြစ်တော့သည်။ ထို့ပြင် သုတေသနစစ်တမ်းများအရလည်း ကမ္ဘာပေါ်ရှိတိရစ္ဆာန်ဥယျာဉ်တိုင်းတွင်ဆင်သည်လာရောက်လည်ပတ်သော ပြည်သူလူထု၏အာရုံစူးစိုက်မှုအခံရဆုံးသတ္တဝါဖြစ်ခြင်းနှင့်အတူ ဆင်ပြသရာနေရာသည်လည်း လာရောက်ကြည့်ရှုသူအများဆုံးနေရာဖြစ်ကြောင်းကို ဖော်ပြကြသည်။



Photo - Dr Myint Thein

**ပြိုင်စံရှား ဆင်မကြီး**

ဤနေရာတွင်တင်ပြလိုသည်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှဆင်တို့၏အကြောင်းဖြစ်ပါသည်။ ထိုဥယျာဉ်သည်လွန်ခဲ့သောနှစ်ပေါင်း ၁၁၁ နှစ်ကျော်ကာလ စတင်ဖွင့်လှစ်ခဲ့စဉ်ကတည်းက ဆင်ပြကွင်းပြကွက်များကိုပါ လစ်ဟင်းမှုမရှိစေဘဲ ထည့်သွင်းပြသနိုင်ခဲ့ပြီး ထူးခြားမှုတစ်ခုကိုတင်ပြရလျှင်ဖြင့် မြန်မာတို့၏ ဘုရင်မင်းဆက်နောက်ဆုံးဖြစ်သော သီပေါဘုရင် ဆင်ဖြူတော်ကိုပင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းပြသခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရသည်။ ထိုမှတစ်ဖန် ထိုစဉ်က မြစ်ကြီးနားခရိုင် အင်းတော်ကြီးနယ်မှ ရရှိသော ဆင်ဖြူတော်မလေးမဖြူကိုလည်း ၁၉၅၉ ခုနှစ်တွင် လက်ရှိ မိုမို ပြသရာဆင်ရုံတွင်ပြသခဲ့ပြန်ရာလာရောက်ကြည့်ရှုသူများပြားခဲ့ပြီး သူ့ခေတ်နှင့်သူ ဆင်စွမ်းကောင်းများ (လူစွမ်းကောင်းများကဲ့သို့) သာ ဖြစ်ကြသည်။

သို့ပါသော်လည်း ဆင်မကြီး မိုမိုကဲ့သို့အနာကင်းခြင်း၊ အသက်ရှည်ခြင်းကာလမှာဆင်တို့၏ပုံမှန်သက်တမ်းထက်ကျော်လွန်လာခြင်းနှင့် တစ်တိုင်းတစ်ပြည်လုံးမှ ချစ်ခင်မြတ်နိုးသူပေါ်များခြင်း စသည့် အပိုင်းတို့တွင်ကား ဆင်မမိုမိုသည်ဆင်ဖြူမဟုတ် ဆင်မည်းပင်ဖြစ်လင့်ကစား ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သမိုင်းတစ်လျှောက် ဆင်အပေါင်းအစုအကြားတွင် ပြိုင်စံရှား ဆင်မကြီးသာဖြစ်သည်ဟု ကျွန်တော်ရိုးသားစွာ ဆိုချင်ပါသည်။

> “ဆင်အားလုံးအပေါ် မောင်နှမရင်းချာပမာ မိသားစုသံယောဇဉ်များထားရှိခဲ့ပြီး ကရုဏာထားခြင်း၊ အပြန်အလှန်ခင်မင်နားလည်မှုပေးခြင်း၊ အများနှင့် သဟဇာတဖြစ်အောင်နေခြင်း၊ ဆင်အားလုံးနှင့်စိတ်သဘောထားညီညွတ်ကြခြင်း၊ ခံစားမှုများကို မျှဝေခံစားကြခြင်း အစရှိသည် (Kinship support) တို့ကို ခေါင်ဆင်မတစ်ဦးသဖွယ် ဦးဆောင်နေထိုင် . . .”

**ကပြအသုံးတော်ခံနေဆဲ**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်စတင်ဖွင့်လှစ်ပြီး ၅၅ နှစ်အကြာ အသက် (၇) နှစ်သမီးအရွယ်တွင် ရောက်ရှိလာသော ဆင်မလေးမိုမိုသည် ထိုဥယျာဉ်မြေပေါ်တွင်နှစ်ပေါင်း ၅၆ နှစ်ကြာတိုင်အောင် ယခုအချိန်ထိ ပကတိကျန်းမာပျော်ရွှင်စွာနေထိုင်နေဆဲပါ။ ပြည်သူကိုပျော်ရွှင်မှုများပေးနေဆဲပါ။ ယခုအခါမှာတော့ဖြင့် ကင်းမြီးကောက်ထောင်ခြင်း၊ ဘာဂျာမှုတ်ခြင်း၊ မော်လမြိုင်ရေသဘင်အက ကခြင်း၊ ပုသိမ်ထီးလေးကိုဟန်ပါပါဆောင်းပြီး ဦးရွှေရိုးအက ကပြခြင်း စသည့်အလုပ်ကလေးများကိုပင် ဖျော်ဖြေစေခြင်းမပြုစေတော့ဘဲ မိုမိုအသက် (၆၀) မပြည့်မီကတည်းကပင် အနားပေးခဲ့ပါပြီ။ စိုးစဉ်းမျှပင် သူမအတွက်ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေခဲ့ပါပြီ။ သို့ပေမယ့်လည်း မိုမိုရေဟု အော်ခေါ်လိုက်လျှင်ဖြင့် ခေါ်သူနားအပြေးလာရောက်တတ်ပြီး ခြေတစ်ဘက်မြှောက်ကာမြှောက်ကာလှုပ်ရမ်း၊ နှာမောင်းကလေးပင့်ကာပင့်ကာဦးခေါင်းထက်တင်၊ ခေါင်းလေးခါခါနှင့် စည်းမပါ ဝါးမပါ တစ်ကိုယ်တော် မိမိအစီအစဉ်နှင့်မိမိ လာရောက်သူတိုင်းကို ကပြအသုံးတော်ခံနေဆဲပါ။ တတ်သိလိမ္မာမှုက ယနေ့ထက်တိုင် အထင်အရှားရှိနေဆဲပါ။ တစ်ခါတစ်ရံတော့ သူ့မျက်လုံးလေးတွေက ကျွန်မကိုဆက်ကပြခွင့်ပြုပါလား၊ ပြည်သူကိုဖျော်ဖြေပါရစေလား၊ မနားပါရစေနဲ့ဦးလား ဆိုသောအဓိပ္ပာယ်ပါပါ ပြောနေသယောင်ပင် ကျွန်တော့်အနေဖြင့် ထင်မှတ်ခံစားရမိနေသည်။

**အသည်းကျော်မိုမိုလိမ္မာပါးနပ်စွာ**

တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးအနေဖြင့် ကျောင်းဆင်းပြီးသည့် ၁၉၈၁ ခုနှစ် ကတည်းက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်လာသောကျွန်တော့်အတွက် မိုမိုသည်ကား အသည်းကျော် ဆင်မလေးတစ်ကောင်ရယ်ပါ။ လူ့သဘော လူ့အထာသာမက ဆင်ထိန်းရုံရှိဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်နေစိတ်ထားကိုလည်း မိုမိုလိမ္မာပါးနပ်စွာသိရှိထားခဲ့သည်။

ဆင်ထိန်းဦးကျော်တင့်က တာဝန်ယူပြီး ဆင်များကိုရေချိုးကန်အတွင်း ရေချိုးစေရာတွင် ဒီဆင်မဟုအော်ရုံသာရှိသေး ဆင်မမိုမိုအနေဖြင့် ဆင်ထိန်းဦးကျော်တင့်မှဘာဆက်ပြောဘာဆက်ခိုင်းမည်ကို ကြိုသိ၍နေသည့်အလား စကားမဆုံးမီပင်သူမဦးခေါင်းကိုရေထဲစွက်ကနဲ ငုတ်ချလိုက်ပြီးသည်နှင့် ဆင်ထိန်းကြီးထံမှ ခေါင်းရေမစိုသေးဘူး ခေါင်းရေစိုအောင်ချိုးဟူသော စကားကကပ်၍ ပါလာသည်။ ဆင်ထိန်းချင်း အမျိုးသား ဦးထန်ဇလန်းတာဝန်ကျရက်များတွင်တော့ သမီးဝအောင်ချိုး ဝအောင်ချိုးဟူသော စကားအောက်တွင်လည်း သူတို့ပျော်ကြသည်။

**အရေးကြီးကသွေးနီး**

ရေချိုးပြီးသည်နှင့် မနက်စာအဆင်သင့်ဖြင့် စောင့်ဆိုင်းနေတတ်သည့် ဆင်ထိန်းဦးငွေရကိုလည်းပဲ သူတို့တစ်တွေ တစ်သက်တာ အမြဲမှတ်မိနေကြဦးမည်သာဖြစ်သည်။ ထိုကဲ့သို့ပျော်စရာကောင်းသောအချိန်ကာလတွေ၊ အုံနဲ့ကျင်းနဲ့ ရေအတူချိုးခဲ့ရတဲ့ သူ့သူငယ်ချင်းတွေကတော့ဖြင့် သူ့ကို အခုအခါမှာခွဲခွာသွားခဲ့ကြပြီ။ သူ့ကိုတစ်ကောင်တည်း ဥယျာဉ်အတွင်းထားခဲ့ကြပြီ။ အစ်ကိုကြီးဆင်ထီးအောင်တိုး၊ ဘီးလိုမ့်ကျွမ်းတဲ့မရမ်းကော့၊ ဆင်ရုံအတွင်း တစ်ကောင်တည်းသော သားသည်အမေဂျင်းဖော်၊ ဆင်လှည်းအဆွဲကောင်းတဲ့ မတိုးသူတို့အားလုံးက ဆင်တို့ရဲ့မရဏလမ်းကို ဦးစွာထွက်ခွာသွားခဲ့ကြပြီ။ ဒါပေမယ့်အခုအခါမှာတော့ဖြင့် ဆင်မမိုမိုရဲ့အနီးမှာမျိုးဆက်သစ်ဆင်အပေါင်း ထပ်မံရောက်ရှိလို့နေပါပြီ။

ဤနေရာတွင် ထပ်မံဖော်ပြလိုသည်က ဆင်မမိုမို၏ အရေးကြီးက သွေးနီးသောစိတ်ဓာတ်အကြောင်း ဖြစ်ပါသည်။ သူမအနေဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဖြတ်သန်းစဉ်ကာလတစ်လျှောက် ပေါင်းသင်းခဲ့ရသော သူ၏သူငယ်ချင်းများမှာ တစ်အူထုံ့ဆင်းမောင်နှမများ၊ ဆွေမျိုးညာတိများ တစ်ကောင်တစ်မြီးမျှပင်မပါရှိပါ။ သို့ပါသော်လည်း ဆင်အားလုံးအပေါ် မောင်နှမရင်းချာပမာ မိသားစုသံယောဇဉ်များထားရှိခဲ့ပြီး ကရုဏာထားခြင်း၊ အပြန်အလှန်ခင်မင်နားလည်မှုပေးခြင်း၊ အများနှင့် သဟဇာတဖြစ်အောင်နေခြင်း၊ ဆင်အားလုံးနှင့်စိတ်သဘောထားညီညွတ်ကြခြင်း၊ ခံစားမှုများကိုမျှ ဝေခံစားကြခြင်းအစရှိသည် (Kinship support) တို့ကို ခေါင်ဆင်မတစ်ဦးသဖွယ် ဦးဆောင်နေထိုင်သွားခဲ့သည်။

**ဦးဆောင်**

ဆက်လက်၍ ကြုံတွေ့ခဲ့ရဖူးသည်ကို ဥပမာအနေဖြင့်ဆိုရလျှင် ဆင်ရုံအနီး ကမ္ဘာအေးလမ်းမပေါ် အရှိန်ပြင်းပြင်း မောင်းနှင်သောကားများ ရုတ်တရက် ဘီးပွင့်ထွက်ခြင်း၊ တိုက်ခိုက်မှုဖြစ်ခြင်းတို့ကြောင့် ပြင်းထန်ကျယ်လောင်သောအသံများ ရုတ်တရက်ထွက်ပေါ်လာခဲ့ပါက ဆင်အပေါင်းတို့သည် ဆင်မမိုမို၏နောက်ကြောသို့ ပြေးဝင်ကြကာ ထိုအခိုက်အတန့်တွင် ဆင်မမိုမိုမှာ သူ၏နားရွက်များကို အစွမ်းကုန်တောင့်တင်းဖြန့်ကားလျက်အသံလာရာဘက်ဆီသို့ အသင့်အနေအထားဖြင့် ဆင်များအတွက် ကိုယ်စားပြုဦးဆောင်တိုက်ခိုက်ရန် ဒေါမာန်အပြည့်ဖြင့်တွေ့ရှိရတတ်ပါသည်။ ဤသည်ကား ဆင်မိုမို၏ အထူးခြားဆုံးသော အရည်အသွေးဖြစ်ပါသည်။

ဆက်လက်၍ဆိုရလျှင်ဖြင့် ဆင်မမိုမို၏ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ဘဝတစ်လျှောက်ဖြတ်သန်းရာမှာ သူမ၏ အကြောင်းလေးတွေကို ပြောပြ၊ ရေးပြစရာတွေ ကျွန်တော့်မှာ အများကြီးကျန်ရှိနေပါသေးသည်။ သူ့အကြောင်းကို သူ့ကိုချစ်တဲ့ပြည်သူတွေရှေ့မှာ အမွှမ်းတင်လိုပါသေးသည်။ သို့အတွက်ကြောင့်အကယ်၍များ ချစ်စွာသော စာရှုသူများက မိုမိုအတွက်အချိန်ပေးနိုင်ခဲ့မည်ဆိုလျှင် ယခုလ အောက်တိုဘာ ၂၁၊ ၂၂ ရက်တို့တွင် နှစ်ရက်တာကျင်းပမည့် မိုမို အသက် (၆၄) နှစ်မြောက်မွေးနေ့ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါရန် မိုမိုကိုယ်စား ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ လေးစားစွာဖိတ်ကြားအပ်ပါသည်။ ။

## ဖရူဆိုမြို့လယ် လမ်းမကြီးဝဲ/ယာ နှစ်ဖက်၌ အုတ်စီရေနုတ်မြောင်းများဆောင်ရွက်

**ဖရူဆို အောက်တိုဘာ ၁၀**

ကယားပြည်နယ်အစိုးရအဖွဲ့ မြို့ပြစီမံကိန်းများ ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေမှ ဖရူဆိုမြို့လယ် လမ်းမကြီး ဘေးဝဲ/ယာ နှစ်ဖက်အားလမ်းပေါ်သို့ တောင်ကျရေများ မကျရောက်စေရန်နှင့် လမ်း ရေရှည်ကောင်းမွန်စေရန် ရည်ရွယ်၍ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှစတင်ပြီး စုစုပေါင်းအရှည် ပေ ၅၃၆၀၊ အနက် ၁ ပေ ၅ လက်မနှင့် အကျယ် ၃ ပေ ရှိ အုတ်စီရေနုတ်မြောင်းအား ကယား ပြည်နယ်အစိုးရအဖွဲ့ မြို့ပြစီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၆ သန်းဖြင့် စက်ယန္တရားများအသုံးပြုကာ ကယားတိုင်တယ်ကုမ္ပဏီက တင်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါလမ်းပေါ်သို့ ယခင်က မိုးသည်းထန်စွာရွာသွန်းချိန်တွင် တောင်ပေါ်မှကျလာသည့် တောင်ကျရေများ လမ်းပေါ် တင်ခြင်း၊ နေအိမ်ခြံဝင်းအတွင်းသို့ ရေဝင်ရောက်၍ ရေများဝပ်လျက်ရှိရာ လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုလည်းဖြစ်ပြီး လွိုင်ကော်မှ ဟိုယာသို့ သွားလမ်းဖြစ်သဖြင့် ယခုလို အုတ်စီရေနုတ်များဆောင်ရွက်ခြင်းဖြင့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအတွက် အလွန်ပင် သွားလာမှုအဆင်ပြေမည်ဖြစ်ပြီး နိုင်ငံတော်ပိုင်လမ်းမှာလည်း ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခရစ်ကတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခရစ်ကတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စု ပွဲစဉ်ပြိုင်ပွဲများကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိ ဘောလုံးလေ့ကျင့်ရေးကွင်း (၄) ၌ ကျင်းပသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ခရစ်ကတ်အားကစားနည်းအပေါ် မျိုးဆက်သစ်လူငယ်များ ပိုမိုစိတ်ဝင်စားလာပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော သွေးသစ်ခရစ်ကတ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အမျိုးသား အားကစားပွဲတော်နှင့် ကျောင်းသား အားကစားပွဲတော်များတွင် ပါဝင်ယှဉ်ပြိုင်လာနိုင်သည်အထိ ခရစ်ကတ်အားကစားသည် လူငယ်လူရွယ်များအကြား ပိုမိုစိတ်ဝင်တစားကစားလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာ့ခရစ်ကတ် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ်နှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများသည်လည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အမှုဆောင်တို့သည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီးနောက် အမျိုးသားအုပ်စု ပြိုင်ပွဲအဖြစ် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။



အဆိုပါ ၂၀၁၇ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခရစ်ကတ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ရှစ်သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၃၁ ဦးသည် အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ဝဏ္ဏသိဒ္ဓိဘောလုံး လေ့ကျင့်ရေးကွင်း (၄) တွင် နေ့စဉ် နံနက် ၉ နာရီမှ စတင်ပြီး အမျိုးသား၊ အမျိုးသမီး အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါသဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်ဇော်**



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူထုက ထောက်ခံသောအားဖြင့် ပခုက္ကူ လူထုထောက်ခံပွဲကို ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံ၌ အောက်တိုဘာ ၁၀ ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံတော်သီချင်းသီဆိုခြင်းများပြုလုပ်ကြပြီး ပခုက္ကူမြို့နယ်ကိုယ်စားပြု ဦးပိုက်ကိုက အဖွင့်စကား ပြောကြားသည်။ ဆက်လက်၍ မြိုင်မြို့နယ်ကိုယ်စားပြု ဦးမြင့်ဦးက 'အမေနှင့် ပြည်သူတစ်သားတည်း'ခေါင်းစဉ်ဖြင့် ဟောပြောပြီး ပေါက်မြို့နယ်ကိုယ်စားပြု ဦးကျော်ဌေးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံရသည့်အကြောင်းများ ဟောပြောသည်။

လူထုထောက်ခံပွဲသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီး ဦးနေမျိုးကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြသည့် ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်ပြည်သူများသည် လူထုခေါင်းဆောင်နှင့်အတူ စာသားပါ တီရှပ်အင်္ကျီများ၊ စတစ်ကာများ၊ ဗီနိုင်းများ ကိုင်ဆောင်ဝတ်ဆင်ပြီး တက်ရောက်ကြသည်။ **ချယ်လူလေး**

## မုံရွာမြို့သို့ လာရောက်အခြေချနေထိုင်သူများလာသောကြောင့် အိမ်ခြံမြေများအရောင်းအဝယ်သွက်

**မုံရွာ အောက်တိုဘာ ၁၀**

ရပ်ကွက်သစ်အဖြစ် မုံရွာမြို့တွင် ထပ်တိုးထားသော ချမ်းမြဝတီရပ်ကွက်သည် လက်ရှိ မုံရွာအိမ်ခြံမြေဈေးကွက်တွင် အရောင်းသွက်အဝယ်သွက်အဖြစ် ရပ်တည်နေရာ အိမ်ခြံမြေဝယ်ယူသူအများစုအနက် အခြားနယ်မှ အခြေချနေထိုင်မည့်သူများ ဝယ်ယူသည်က များပြားနေကြောင်း မုံရွာအိမ်ခြံမြေအကျိုးဆောင် ကိုဌေးသိန်းထံမှ သိရသည်။

"လက်ရှိ မုံရွာ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်က ပုံမှန်အခြေအနေပါ။ ဝါမကျွတ်ခင်အထိ အရောင်းအဝယ်ရော အငှားပါ ပုံမှန်ဖြစ်ပါတယ်။ အရင်ကလို ငွေလုံးငွေရင်းနဲ့ ဝယ်တာရောင်းတာတော့ မရှိပါဘူး။ လောလောဆယ်မှာတော့ လုပ်ငန်းသုံးနေမယ့်သူ၊ မိသားစုအမွေရလို့ ဝယ်မယ့်သူ၊ ကျောင်းသားတွေ ကျောင်းတက်ဖို့စတဲ့ နယ်မှတ်ပုံတင်နဲ့ ဝယ်တာတွေများပါတယ်။ မုံရွာမှာ အရောင်းအဝယ်ဖြစ်တာတွေက နေရာအများဆုံးဝယ်တာက မုံရွာ တက္ကသိုလ်ဝန်းကျင်ဖြစ်တဲ့ မြဝတီရပ်ကွက် ဘုန်းစိုးပတ်ဝန်းကျင်နဲ့ အများဆုံးကတော့ ချမ်းမြဝတီရပ်ကွက်ထဲမှာ အရောင်းအဝယ်ဖြစ်ကြတာ တွေ့ရပါတယ်"ဟု ကိုဌေးသိန်းက ပြောပြသည်။

တက္ကသိုလ်နှင့် အနီးဆုံးရပ်ကွက်ဖြစ်သည့် ချမ်းမြဝတီရပ်ကွက်တွင် အိမ်ခြံမြေဈေးအနေဖြင့် လမ်းအနေအထား၊ မြေအနေအထားပေါ်မူတည်၍ ကျောက်ကာလမ်းနှင့်နီးလေ ဈေးပိုများလေဖြစ်ရာ ကျပ်သိန်း ၁၀၀ ကျော်ဝန်းကျင်မှ ကျပ်သိန်း၃၀၀ နှင့် ၄၀၀ ဝန်းကျင်ထိရှိရာ လမ်းမနှင့်နီးသည့် ကျပ်သိန်း ၃၀၀ နှင့် ၄၀၀ တန် အိမ်ခြံမြေများ ပိုမိုအရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့က တာမခန်ဘက်မှာ နေကြတာပါ။ စက်သုံးဆီရောင်းတဲ့အလုပ်လုပ်ပါတယ်။ အဲဒီတုန်းက စီးပွားရေးလုပ်ရတာကောင်းပါတယ်။ နောက်ပိုင်း လုပ်ငန်းတွေပိတ်လိုက်တော့ ဆီသမားအများစုလည်း အလုပ်မဖြစ်ကြတော့ဘူး။ အဲဒါကြောင့် မုံရွာမှာ တခြားစီးပွားရေးလုပ်မယ်ဆိုပြီး ရာကျော်ဂဏန်းလောက်သာရှိတဲ့ ချမ်းမြဝတီရပ်ထဲက ဝင်းကိုဝယ်ပြီး



အခြေချ နေနေပါတယ်။ အဆင်ပြေပါတယ်။ ရေမီးအစုံနဲ့လမ်းကလည်းကောင်း ကျောက်ကာလမ်းမကြီးနဲ့လည်းနီးဆိုတော့ မိသားစုနေရတာပျော်ပါတယ်" ဟု ချမ်းမြဝတီရပ်နေသူတစ်ဦးက ပြောပြသည်။

ကျောက်ကာလမ်းဘေး မေးတင်နေသော ကျပ်သိန်းထောင်ဂဏန်း အိမ်ခြံမြေများအနေဖြင့်အတွင်းဘက် အနည်းငယ်ရောက်သော ကျပ်သိန်း ၃၀၀ နှင့် ၄၀၀ ကြားရှိသည့် အိမ်၊ ခြံ၊ မြေများလောက် အရောင်းအဝယ်မဖြစ်ကြကြောင်း သိရသည်။

"မုံရွာမှာ အဓိကအရောင်းအဝယ်ဖြစ်နေတာက အိမ်ခြံမြေတွေကို နယ်ကတက်ပြီးဝယ်တဲ့သူတွေများတဲ့အတွက်ဖြစ်ပါတယ်။ အဓိကအဝယ်များတာက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းကသူတွေ ဆင်းလာပြီး အဝယ်များပါတယ်။ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ တမူးက ဆင်းဝယ်တာများပါတယ်။ တန့်ဆည်၊ ရေဦး၊ ပခုက္ကူဘက်တွေကလည်း လာဝယ်ပြီး နေထိုင်ကြတာတွေများပါတယ်" ဟု ကိုဌေးသိန်းက ဖြည့်စွက်ပြောကြားသည်။

လက်ရှိ ဝါကျွတ်ကာလအစရှိသေးသည့်အတွက် မုံရွာအိမ်ခြံမြေဈေးသည် ဝါတွင်းကာလကကဲ့သို့ ပုံမှန်အခြေအနေတွင်ရှိနေသေးသော်လည်း ကြိုတင်ချိတ်ထားသော အိမ်ခြံမြေအရောင်းအဝယ်အခြေအနေများသည် အသွက်ဘက်သို့ ဦးတည်နေသလိုအရောင်းအဝယ်များမည့် လက္ခဏာများရှိနေကြောင်း မုံရွာအိမ်ခြံမြေအကျိုးဆောင်အများစုက တွက်ဆထားသည်။

လက်ရှိမုံရွာမြို့တွင် အိမ်ခြံမြေအရောင်းအဝယ်သွက်နေသော ချမ်းမြဝတီရပ်ကွက်အပြင် မုံရွာစက်မှုဇုန်၊ မုံရွာမြို့ဝင်ကားကြီးဝင်းနှင့် နီးရာနေရာများကို အမေးများလျက်ရှိသလို နန္ဒဝန်ရပ်ကွက်တွင်လည်း အရောင်းအဝယ် စတင်ဖြစ်လာနေပြီဖြစ်ကြောင်း သိရသည်။ မုံရွာမြို့ အိမ်ခြံမြေအငှား ဈေးကွက်တွင် မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်ဝန်းကျင်တွင် အငှားသွက်လျက်ရှိပြီး မုံရွာမြို့နေရာစုံတွင် အခြေအနေပေါ်မူတည်၍ အငှားသွက်နေကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာ၌ နယ်မြေရဲစခန်းအဆင့်တိုးမြှင့်ကာ ပြည်သူများအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်

**ဖျာပုံ အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်(ခွဲ) ဒေါ်ညိမ်းကျေးရွာရှိ ဒေါ်ညိမ်းသဘာဝဓာတ်ငွေ့စက်ရုံ လုံခြုံရေးရဲကင်းအား အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက နယ်မြေရဲစခန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အရင်က "ကျွန်တော်တို့ ကျေးရွာအုပ်စုတွေမှာ မှုခင်းတစ်ခုဖြစ်ရင် အမာမြို့နယ်အထိ အမှုသွားဖွင့်ရပါတယ်။ ခရီးဝေးတယ်၊ အချိန်ကြာတယ်၊ ခရီးစရိတ်တွေ တော်တော်ကုန်ပါတယ်။ ဒီဒေသက ပင်လယ်ရေလုပ်သားအများစု ဝင်ထွက်သွားလာတဲ့ဒေသတစ်ခုဖြစ်နေတယ်။ အမှုအခင်းတွေကလည်း မကြာမကြာဖြစ်တတ်တယ်။ အခုရဲစခန်းရှိလာပြီမို့ ဒေသအတွက် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ အများပြည်သူလုံခြုံရေးအတွက် များစွာအထောက်အကူဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒေသခံတွေအနေနဲ့ ဒီနယ်မြေရဲစခန်းအပေါ် အားကိုးပါတယ်။ ဒီစခန်း အခြေစိုက်ဖွင့်လှစ်နိုင်အောင် ပူးပေါင်းဆောင်ရွက်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တာဝန်ရှိသူအဆင့်ဆင့်ကို ဒေသခံတွေရဲ့ကိုယ်စားကျေးဇူးတင်ပါတယ်။ ဒေသခံအားလုံးကလည်း ရဲတပ်ဖွဲ့ရဲ့လုပ်ငန်းတွေမှာ တတ်နိုင်သမျှ ပူးပေါင်းပါဝင်ပေးကြဖို့ ဆန္ဒရှိနေပါတယ်"ဟု ဒေါ်ညိမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေပေါက ပြောသည်။

နယ်မြေရဲစခန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက "ဒီနယ်မြေရဲစခန်းတိုးမြှင့်ဖွင့်လှစ်လိုက်ခြင်းက ကျွန်တော်တို့ဒေသရဲ့ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအတွက် အင်မတန်အားတက်စရာကောင်းပါတယ်။ ဒေသအတွက် အရေးကြီးဌာနတစ်ခုကို ဒီလို ပင်လယ်ထွက်ပေါက်ဒေသတစ်ခုမှာ အခြေစိုက်ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဘာကြောင့်လဲဆိုရင် ရဲစခန်းတည်ဆောက်ပြီးတဲ့အချိန်မှာ ဒီဒေသအတွက် နယ်မြေလုံခြုံရေး၊ နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်တဲ့အခါ အင်တိုက်အားတိုက် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ဖို့ နေရာခိုင်ခိုင်မာမာရှိနေလို့ဖြစ်ပါတယ်။ ဒီဒေသခံနယ်မြေအတွက် တရားဥပဒေစိုးမိုးမှုအားကောင်းရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု ထိန်းချုပ်နိုင်ရေးစတဲ့ ရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းစဉ်တွေ အများကြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ပြည်သူတွေဘက်က တတ်နိုင်သမျှ ပူးပေါင်းပါဝင်ပေးစေလိုပါတယ်"ဟု ပြောသည်။

ဖျာပုံမြို့နယ် အမာမြို့နယ်(ခွဲ) ဒေါ်ညိမ်းကျေးရွာနယ်မြေရဲစခန်းသည် ဒေါ်ညိမ်းကျေးရွာအုပ်စုနှင့် မြို့ကုန်းကျေးရွာအုပ်စုမှ ကျေးရွာပေါင်း ၂၀ အား ရဲလုပ်ငန်းဆိုင်ရာများ ကွက်ကဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ကျောက်မဲ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီက ခရိုင်မီးသတ်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က ယခုသင်တန်းကို ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များကျရောက်လျှင် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျောက်မဲမြို့နယ်အတွင်း မီးဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ်များတွင် အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်ရေးမွမ်းမံသင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပြီး စဉ်ဆက်မပြတ် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကျောက်မဲမြို့ပေါ်နှင့် ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယခုနှစ်ဆီးသီးပျားရည်ထုတ်ရာသီတွင် ပျားရည်ထွက်ရှိမှုကျဆင်း

**ကနီ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကနီမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ဆီးသီးပျားရည်ထုတ်လုပ်ငန်းများသည် ယခုနှစ်ပျားရည်ထုတ် ရာသီတွင် ပျားရည်ထွက်ရှိမှု ကျဆင်းလျက်ရှိကြောင်း ကနီမြို့နယ်အတွင်း ပျားရည်ထုတ်လုပ်ငန်းရှင်များထံမှ သိရသည်။

"ဒီနှစ်က နှစ်တိုင်းလိုပဲဆိုပြီးတော့ စရွှေ့လာတဲ့သူတွေက စက်တင်ဘာ ၁၀ ရက်လောက်မှ ကောင်းကောင်းရတယ်။ ၁၅ ရက်လောက်နောက်ကျသွားတယ်။အဲဒီတော့ ပြောင်းရွှေ့လာစဉ်က ပါလာတဲ့ ပျားတွေက အစာလည်းရပြီဆိုတော့ ပျားရဲ့သက်တမ်းက ကုန်သွားတာ၊ ပျားအင်အားကျတဲ့သူတွေက ပျားရည်အထွက်နည်းတယ်။ မနှစ်ကဆိုရင် ခြောက်ကြိမ်လောက်ပဲရတယ်။ အကြိမ်ရေလျော့သွားတာနဲ့ အထွက်နှုန်းမှာ လျော့သွားတယ်။ လက်ရှိအချိန်မှာ ပုံမှန်ဆိုရင် အခုအချိန်က သုံးကြိမ်ရနေရမှာကို နှစ်ကြိမ်ပဲရသေးတယ်။ တစ်ကြိမ်လျော့သွားတဲ့အတွက် အထွက်နှုန်းက မနှစ်ကလောက်ဘယ်လိုမှ မရနိုင်တော့ဘူး" ဟု ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာတွင် လာရောက်ပျားမွေးမြူရေးလုပ်ကိုင်သူ ဦးလှိုင်မျိုးက ပြောသည်။



၂၀၁၆ ခုနှစ်ပျားရည်ထုတ်ရာသီတွင် ကနီမြို့နယ်နှင့်ယင်းမာပင်မြို့နယ်များတွင် စက်တင်ဘာလကုန်အထိ သုံးကြိမ် ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် အောက်တိုဘာလပထမပတ်အထိ ရာသီဥတုဖောက်ပြန်ခြင်း၊ ဆီးသီးအပွင့် ပွင့်ချိန်နောက်ကျခြင်းတို့ကြောင့် နှစ်ကြိမ်ခန့်သာထုတ်လုပ်နိုင်ခဲ့သဖြင့် ပုံမှန်တစ်ကြိမ်နောက်ကျလျက်ရှိသဖြင့် အထွက်နှုန်းကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပညာပေးဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

"မြန်မာနိုင်ငံရဲ့ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ စီမံကိန်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရာမှာအလွန်အရေးကြီးပြီး မြို့နယ်အလိုက် ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ ပြည်သူတွေ သိသင့်လို့ အခုလိုရှင်းလင်းပွဲကျင်းပရခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ပညာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းကာ နိုင်ငံတကာစံနှုန်းများအတိုင်း ကောက်ယူခဲ့တာ ၉၉ ရာခိုင်နှုန်း အမှန်ကောက်ယူနိုင်ခဲ့ပါတယ်"ဟု ပြည်သူ့အင်အားဦးစီးဌာန(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းသွင်က အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြစ်ကြီးနားမြို့နယ်အဆင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ အသိပညာပေးခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ အသိပေးရှင်းလင်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက အဖွင့်အမှာစကားပြောကြား၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပူတာအိုခရိုင်ဦးစီးမှူး ဦးဘုန်းမော်မိုးက အသိပေးရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြသွားမည့် ခေါင်းစဉ်များအား ပြောကြားခဲ့ပြီး အသိပေးရှင်းလင်းပွဲတွင် မြန်မာနိုင်ငံလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များတင်ပြခြင်းနှင့်မိတ်ဆက်ခြင်း၊ သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာ၊ လူဦးရေဆိုင်ရာအချက်အလက်၊ ကိုးကွယ်သည့်ဘာသာနှင့် ပညာရေးဆိုင်ရာကဏ္ဍ၊ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ မသန်စွမ်းမှုဆိုင်ရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ အိမ်အကြောင်းအရာနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားများအား ဆန်းစစ်လေ့လာခြင်းစသည့် ဘာသာရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအင်အား ၁၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## မတူညီသောဘာသာစကား ၄၀ ကို တိုက်ရိုက်ဘာသာပြန်ပေးနိုင်မည့် Google Pixel Bud



Google မှ ၎င်းတို့၏ထုတ်ကုန်သစ်များ မိတ်ဆက်ပြသပွဲတွင် ပါဝင်မိတ်ဆက်ပြသပေးသွားသည့် Google Assistant တစ်ခုဖြစ်သော Pixel Bud သည်လည်း လူအများစိတ်ဝင်စားမှုခံရသည့် အသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ် မြင်တွေ့ရသည်။ အဆိုပါ Pixel Bud ဟုအမည်ရသော ကြိုးမဲ့စနစ်ပါဝင်သည့်နားကြပ်၏ ထူးခြားမှုမှာ မတူညီသည့်ဘာသာစကားများကို တိုက်ရိုက်ဘာသာပြန်ပေးနိုင်စွမ်းရှိသည်ဟု သိရသည်။

ပိုမိုတိုးတက်လာသည့် နည်းပညာစနစ်များကို ၎င်းနားကြပ်တွင် တွေ့မြင်ရမည်ဖြစ်ပြီး ယခင်က Apple မှထုတ်လုပ်ခဲ့သည့် Air Pods အမည်ရ နည်းပညာမြင့်နားကြပ်ထက် ပိုမိုကောင်းမွန်သည့် လုပ်ဆောင်ချက်များပါဝင်သည်။ မိမိစမတ်ဖုန်းကို ကြိုးဖြင့်သော်လည်းကောင်း၊ ကြိုးမဲ့စနစ်ဖြင့်သော်လည်းကောင်း လွယ်ကူစွာချိတ်ဆက်အသုံးပြုနိုင်ကာ နားတွင်တပ်ဆင်ထားသည့်အခါ သက်သောင့်သက်သာရှိပြီး လှုပ်ရှားနေစဉ်အလွယ်တကူပြုတ်မကျစေရန်လည်း ထိန်းသိမ်းပေးမည့် Loop များပါဝင်သည်ဟုသိရသည်။ ၎င်း Pixel Bud ၏ ညာဘက်တွင် အသံထိန်းချုပ်သည့်ခလုတ်ငယ်များပါဝင်ပြီး ညင်သာစွာထိတွေ့ရုံဖြင့် အသံလုပ်ဆောင်မှုများကို ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

Google Pixel Bud ၏ ထူးခြားချက်မှာ မတူညီသည့်ဘာသာစကားများကို တိုက်ရိုက်ဘာသာပြန်ပေးနိုင်ခြင်းဖြစ်သည်။ Google Translate နှင့် ချိတ်ဆက်ကာ ဘာသာစကားအမျိုးအစားပေါင်း ၄၀ ကျော်ကို တိုက်ရိုက်ဘာသာပြန်ပေးနိုင်ရန် နည်းပညာစနစ်ကိုထည့်သွင်းပေးထားသည်ဟုသိရသည်။ သို့သော် အချို့ဘာသာစကားများကို ဘာသာပြန်ရာတွင် လိုအပ်ချက်အနည်းနှင့်အများရှိနေသည်ဟုသုံးသပ်ကြပြီး သိလိုသည့်ဘာသာစကားကို အသံဖြင့်သော်လည်းကောင်း၊ စာသားအဖြစ်သော်လည်ကောင်း စိတ်ကြိုက်ပြုလုပ်နိုင်သည်ဟုသိရသည်။ ဘက်ထရီစနစ် 620 mAh ပါဝင်ကာ တစ်ကြိမ်အားသွင်းထားလျှင် ငါးနာရီမှရှစ်နာရီကြာအထိ ဆက်တိုက်အသုံးပြုနိုင်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀ မှ ၁၆၀ အကြား နိုဝင်ဘာလအတွင်း ဈေးကွက်အတွင်း ရရှိနိုင်မည်ဖြစ်ကာ Android စနစ်တွင်သာမက iOS စနစ်တွင်ပါ ချိတ်ဆက်အသုံးပြုနိုင်သည်ဟု သိရသည်။

ALEX

## ကီးဘုတ်ပါဝင်ခြင်းမရှိတော့သည့် BlackBerry Motion စမတ်ဖုန်းသစ်

ယခင်ကထုတ်လုပ်ခဲ့သည့် စမတ်ဖုန်းတိုင်းလိုလို ၎င်း၏ Keypad အမြဲပါဝင်သည့် BlackBerry သည် ယခုထပ်မံထုတ်လုပ်လိုက်သည့် စမတ်ဖုန်းတွင် ကြီးမားသည့်အပြောင်းအလဲ တစ်ခုကိုပြသခဲ့သည်။ BlackBerry မိုဘိုင်းဖုန်းများ စတင်ထုတ်လုပ်သည့်အချိန်ကတည်းက အခြားဖုန်းများနှင့်မတူသည့် Keypad ထည့်သွင်းပေးခြင်းဖြင့် ဈေးကွက်အတွင်း ခိုင်မာမှုတစ်ခုရရှိနေပြီး ယခုအခါအဆိုပါ Keypad ကိုစတင်ဖြုတ်ချလိုက်ပြီဖြစ်သည်။

အခြားစမတ်ဖုန်းများကဲ့သို့ ထိတွေ့မျက်နှာပြင်သီးသန့်ထည့်သွင်းဖန်တီးထားပြီး မျက်နှာပြင် ၅ ဒသမ ၅ လက်မအကျယ်ရှိ စမတ်ဖုန်းအမျိုးအစားဖြစ်သည်။ Octa-core Qualcomm MSM8953 Snapdragon 625 ပရိုဆက်ဆာနှင့် ရုပ်ထွက်ပိုင်းအတွက် Adreno 506 ပါဝင်သောကြောင့် လုပ်ဆောင်ချက်ကောင်းမွန်သည့် စမတ်ဖုန်းတစ်မျိုးဖြစ် သည်။ Android 7.1 စနစ်ပါဝင်ပြီး IPS LCD ထိတွေ့မျက်နှာပြင် တပ်ဆင်ပေးထားသည်ဟုသိရသည်။ RAM ပါဝင်မှု 4 GB ရှိပြီး ဖုန်းအတွင်းသိုလှောင်သိမ်းဆည်းမှုအတွက် 32 GB ပါဝင်ကာ Micro SD 256 GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ကျောဘက်ကင်မရာ 12 MP နှင့် Dual Flash ပါဝင်ကာ အရှေ့ဘက်ကင်မရာ 8 MP ပါဝင်သောကြောင့် ကင်မရာစွမ်းဆောင်ရည်ပိုင်းတွင်လည်း ကောင်းမွန်သည့်အရည်အသွေးရရှိမည်ဖြစ်သည်။ ရေအောက် ၁ မီတာအနက်တွင် မိနစ် ၃၀ မျှ ခံနိုင်ရည်ရှိသည်ဟု ဆိုသော်လည်း ကောင်းမွန်သည့်စနစ်မျိုးမဟုတ်ဟု သုံးသပ်ထားကြသည်။ ဖုန်းအရှေ့ဘက်တွင် အခြားစမတ်ဖုန်းများကဲ့သို့ Home Button ပါဝင်ပြီး ၎င်း၏ အောက်ဘက်တွင် လက်ဗွေဖတ်စနစ်ပါဝင်သည်။ 4000 mAh ပမာဏရှိသည့် ဘက်ထရီပါဝင်ပြီး လျင်မြန်သည့်အားသွင်းစနစ်လည်းထည့်သွင်းပေးထားကာ ဒူဘိုင်းတွင်ပြုလုပ်ခဲ့သည့် အဆိုပါစမတ်ဖုန်း မိတ်ဆက်ပွဲ၌ ယူရို ၅၀၀ ဝန်းကျင်ဖြင့် အနက်ရောင်တစ်မျိုးသာ ထုတ်လုပ်သွားဖွယ်ရှိပြီး အောက်တိုဘာလအတွင်း ဈေးကွက်အတွင်းရောက်ရှိနိုင်သည်ဟု သိရသည်။



ALEX

## ရီးယဲလ်ကစားသမားတွေလွှမ်းမိုးထားတဲ့ ၂၀၁၇ ဘလွန်းဒီအော ဆန်ခါတင်စာရင်း



ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က ပေးအပ်မယ့် အကောင်းဆုံး ကစားသမားဆုရွေးချယ်ပွဲကျင်းပဖို့ နှစ်ပတ်တောင် မလိုတော့တဲ့အချိန်မှာ ဘလွန်းဒီအောဆုဆန်ခါတင် ၃၀ စာရင်းက အောက်တိုဘာ ၉ ရက်မှာ ဆက်ထွက်လာခဲ့ပါတယ်။ ဒီစာရင်းမှာတော့ ချန်ပီယံလိဂ်နှစ်ကြိမ်ဆက် ရယူထားနိုင်တဲ့ ရီးယဲလ်ကစားသမား အများစုပါဝင်နေပြီး ရီးယဲလ်ရဲ့ ရှေ့၊ နောက်၊ အလယ် နေရာစုံက ကစားသမား ခုနစ်ယောက်အထိ ဒီစာရင်းမှာ နေရာယူထားနိုင်ခဲ့တာပါ။

တိုက်စစ်ပိုင်းက စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ကွင်းလယ်က တိုနီခရူးစ်၊ မိုဒရစ်၊ အစ္စကို၊ နောက်တန်းက မာဆယ်လို၊ ရာမို့စ်တို့ ပါဝင်နေတာကြောင့် ဒါဟာ ပရီမီယာလိဂ်တစ်ခုလုံး ပါဝင်တဲ့ ကစားသမားအရေအတွက်နဲ့ ညီမျှတယ်လို့ ဆိုနိုင်မှာဖြစ်ပါတယ်။ နိုင်ငံအလိုက်ဆိုရင်တော့ ပြင်သစ်က ကစားသမား လေးဦးအထိ ပါဝင်နေသလို ဘရာဇီးနဲ့ ဘယ်လ်ဂျီယံက သုံးဦးစီ၊ စပိန်၊ ဂျာမနီကနဲ့ ဥရုဂွေးနိုင်ငံက နှစ်ဦးစီပါဝင်နေခဲ့တာကိုတွေ့ရပါတယ်။ ပရီမီယာလိဂ် ကစားသမားတွေထဲမှာတော့ မန်ယူရဲ့ ဒီဂီယာ၊ ချယ်လ်ဆီးရဲ့ ကန်တီနဲ့ ဟာဇက်၊ လီဗာပူးရဲ့ မာနေးနဲ့ ကော်တင်ဟို၊ မန်စီးတီးရဲ့ ဒီဘရိုင်းနဲ့ စပါးရဲ့ ဟယ်ရီကိန်းတို့ ပါဝင်ခဲ့ကြပြီး ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့တဲ့ အာဆင်နယ်အသင်းရဲ့ ကစားသမားတစ်ယောက်မှ ပါဝင်ခဲ့ခြင်းမရှိတာကိုတွေ့ရပါတယ်။

## ဇီဒန်းခြေရာကိုနင်းဖို့တာဆူနေတဲ့ကာကာ

အေစီမီလန်နဲ့ ရီးယဲလ်ကွင်းလယ်လူ ကာကာက မြက်ခင်းစိမ်းထဲ ပြေးလွှားနေရတာကို မပျော်တော့ဘဲ မန်နေဂျာလိုင်းဘက်ကို ကူးပြောင်းဖို့ တွေးနေမိတယ်လို့ ဆိုလိုက်ပါတယ်။ကာကာဟာ ဘရာဇီးအသင်းနဲ့ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့နိုင်သလို အေစီမီလန်နဲ့အတူ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး သူတို့ မျိုးဆက်ရဲ့ အကောင်းဆုံးတွေထဲက တစ်ယောက်လို့ ဆိုနိုင်ပါတယ်။ လက်ရှိမှာတော့ အသက်(၃၅)နှစ် ရှိပြီဖြစ်ကာ အမေရိကန်မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်းမှာ ကစားနေပါတယ်။ ဒါပေမယ့်ကာကာက သူဟာ ခုချိန်မှာတော့ ကွင်းထဲမှာ ပျော်ရွှင်မှု မရရှိတော့ဘဲ ပွဲတစ်ပွဲကစားပြီးတိုင်း နာကျင်မှု ခံစားလာရပြီလို့ ဆိုခဲ့ပါတယ်။

ကာကာက"အသက်(၃၅)နှစ်အရွယ်ရှိလာချိန်မှာ ကျွန်တော်ခန္ဓာကိုယ်က ကြံ့ခိုင်မှု မကောင်းတော့ပါဘူး။ ကျွန်တော်က ဇီနက်ဒင်ဇီဒန်းလို အသက်မွေးဝမ်းကျောင်းမှု ပြောင်းရတာကိုနှစ်သက်ပါတယ်။ သူက ကစားသမားဘဝကနေ အနားယူခဲ့တယ်။ အချိန်အနည်းငယ်ယူတယ်။ ပြီးတော့ နည်းပြဘဝကို နှစ်သက်တယ်ဆိုတာကို သူ့ဘာသာသူသဘောပေါက်ပြီး လူငယ်အကယ်ဒမီအသင်းကို ကိုင်တွယ်တယ်။ ကျွန်တော်လည်း သူ့လမ်းကြောင်းအတိုင်းလိုက်ချင်တယ်"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။ ဇီဒန်းနဲ့ ကာကာတို့ဟာ အသက်အရွယ် ကွာဟပေမယ့် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ပြိုင်ဘက် တွေအဖြစ် မကြာခဏ တွေ့ဆုံရင်ဆိုင်ဖူးပြီး ဇီဒန်းက ၂၀၀၉ ခုနှစ် ရီးယဲလ်ကို ကာကာ ရောက်လာချိန်မှာ သူဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ်(၅)ဂျာစီကို ကာကာ ကို ဝတ်ဆင်ဖို့ တိုက်တွန်းခဲ့တယ်ဆိုတာ ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

## လူဆိုတာ




အာဆင်နယ်အသင်းနောက်ခံလူ ကိုလာစီနစ်က သူအကြိုက်ဆုံး ကစားသမားက ရီးယဲလ်မက်ဒရစ်နဲ့ ဘရာဇီးနောက်ခံလူ ရော်ဘတ်တိုကားလို့စ်ဖြစ်ပြီး သူ့အပေါ် ကာလို့စ်ရဲ့လွှမ်းမိုးနိုင်မှု အားကြီးခဲ့တယ်လို့ ဆိုပါတယ်။ ကားလို့စ်ရဲ့ ကစားဟန်ကို နှစ်သက်ခဲ့လို့လည်း သူဟာ ကားလို့စ်လို နောက်ခံလူတစ်ဦး ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။ ကစားသမားအများစုမှာ သူတို့ စံပြုကစားသမားဆိုတာရှိကြပြီး ဟာဇက်ဆို သူအကြိုက်ဆုံးကဇီဒန်း၊ ဝဲလ်ကော့ဆိုရင် အွန်နရီစသဖြင့် သူတို့ကြိုက်ခဲ့ကြ၊ စံပြုထားခဲ့ကြတဲ့ ကစားသမားတွေရှိကြပြီး သူတို့ပရော်ဖက်ရှင်နယ်ဘဝကို ရောက်လာချိန်မှာလည်း သူတို့ကြိုက်နှစ်သက်ခဲ့တဲ့ ကစားသမားတွေ ကစားတဲ့နေရာမှာ ကစားခဲ့ကြတာကို တွေ့ရပါတယ်။ ဝဲလ်ကော့က အွန်နရီရဲ့ လွှမ်းမိုးမှု ဘယ်လောက်အထိခံရသလဲဆိုရင် အွန်နရီ အာဆင်နယ်မှာ ဝတ်ခဲ့တဲ့ နံပါတ်(၁၄)ကို တောင်းဆိုဝတ်ဆင်ခဲ့တဲ့အထိပါ။

ဒါပေမယ့် စီရိုနယ်လ်ဒိုကတော့ သူအကြိုက်ဆုံး ကစားသမား မရှိဘူးလို့ ဆိုခဲ့ပေမယ့် သူ့ရဲ့ အိပ်မက်အသင်းမှာတော့ သူနဲ့အတူ မက်ဆီကို ထည့်သွင်းရွေးချယ်ခဲ့တာကို တွေ့ရပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ လူနည်းစုကလွဲရင် ခုလက်ရှိ ဘောလုံးလောကမှာ ကျင်လည်နေကြတဲ့ ကစားသမားအများစုဟာ စံပြုထားတဲ့သူတွေ ရှိကြပြီး ဒီလို ရှေးက နောင်တော်ကြီးတွေဆီက ကစားဟန်ကို ပြန်ကြည့် အတုယူ လေ့ကျင့်ရင်းနဲ့ပဲ ထိပ်တန်းကစားသမားဘဝကို ရောက်ရှိလာရတာဖြစ်ပါတယ်။ ဒီသဘောက ဘောလုံးနယ်ပယ်တစ်ခုတည်းမှာပဲ သက်ရောက်တာ မဟုတ်ဘဲ အခြားသော ပရော်ဖက်ရှင်နယ်နယ်ပယ်တွေမှာပါ ဖြစ်တတ်တဲ့ သဘောပါ။ ကိုလာစီနစ် နောက်ခံလူဖြစ်လာရတာကလည်း ကားလို့စ်ရဲ့ လွှမ်းမိုးမှုကြောင့်ဆိုတာကလည်း ဖြစ်ရိုးဖြစ်စဉ် လူ့သဘာဝပဲလို့သာ ဆိုရမှာဖြစ်ပါတယ်။

## မော်ရင်ဟို အဝယ်တော်ခဲ့ပြီ




ပြီးခဲ့တဲ့နွေစျေးကွက်ဟာ စံချိန်တင် အပြောင်းအရွှေ့သုံးခုဖြစ်ခဲ့ပြီး ဒီထဲကမှ နှစ်ခုဟာ ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့တဲ့ ပြောင်းရွှေ့မှု နှစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ပေါင် ၁၆၅သန်းတန် မက်ပီရဲ့ အပြောင်းအရွှေ့ဟာလာမယ့် နှစ်နွေစျေးကွက်ရောက်မှသာ မှတ်ပုံတင်မှာဖြစ်တာကြောင့် ပေါ့ဘာ စံချိန်ကို ချိုးဖျက်သွားတာက နေမာရဲ့ ပေါင်သန်း ၂၀၀တန် အပြောင်းအရွှေ့ရယ်၊ ဒမ်ဘီလီရဲ့ ပေါင် ၁၃၅ သန်းတန် အပြောင်းအရွှေ့ နှစ်ခုသာ တရားဝင်ဖြစ်ခဲ့တာပါ။ဒါပေမယ့် ဆွစ်ဇာလန်စစ်တမ်း တစ်ခုက မန်ယူတိုက်စစ်မှူး လူကာကူရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင်သန်း ၁၄၀ အထိ မြင့်တက်လာပြီဖြစ်လို့ ဒါဟာဝယ်ယူခဲ့စဉ်က တန်ဖိုးထက် နှစ်ဆနီးပါးမြင့်တက်လာတဲ့ တန်ကြေးဖြစ်လာခဲ့ခြင်းပါ။

မန်ယူက နွေစျေးကွက်အတွင်း လူကာကူကို ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းနဲ့သာ ဝယ်ယူခဲ့ပြီး ဝယ်ယူခဲ့စဉ်ကထက် ပေါင် ၆၅ သန်းအထိ မြင့်တက်သွားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ လူကာကူဟာ မန်ယူအတွက် ၁၀ ပွဲမှာ ၁၁ဂိုးသွင်းယူထားနိုင်တဲ့အတွက် ၈၂ မိနစ် ဝင်ရောက်ကစားတိုင်း ပျမ်းမျှတစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းလို့ တွက်ထုတ်လို့ရပါတယ်။ ဒီကိန်းဂဏန်းအရ ၁၁၃မိနစ် ပျမ်းမျှ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ အဲဗာတန်အသင်းမှာရှိစဉ်က စံချိန်ထက် ပိုပြီးကောင်းမွန်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လူကာကူရဲ့နောက်မှာ ပီအက်စ်ဂျီတိုက်စစ်မှူး မက်ပီက ဝယ်ယူစဉ်ကထက် ပေါင်သန်း၅၀၊ဒိုင်ဘာလာက ပေါင် ၄၇ ဒသမ ၃ သန်း၊ ဒမ်ဘီလီက ပေါင် ၄၅ သန်းနဲ့ ကမ္ဘာ့စံချိန်တင်ကြေးရှင် နေမာက ၂၈ ဒသမ ၄ သန်းသာ စျေးတက်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အရင်က ရောင်းမှားဝယ်မှားဖြစ်ခဲ့လို့ ခဏခဏ အဝေဖန်ခံနေရတဲ့ မော်ရင်ဟိုတစ်ယောက် ဒီတစ်ခါတော့ အဝယ်တော်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

မေလွဲ့သင်း–ရေးသားသည်

## ဒဏ်ရာများနဲ့ ရက်သတ္တပတ်



နိုင်ငံတကာ ပွဲစဉ်တွေယှဉ်ပြိုင်ခဲ့တဲ့ ယခုရက်သတ္တပတ်အတွင်း ကစားသမားတွေ ဒဏ်ရာပြဿနာကြုံခဲ့ရတဲ့အတွက် ဒါဟာ သူတို့ကို ပိုင်ဆိုင်ထားတဲ့ ကလပ်အသင်းတွေအတွက် သေချာပေါက်ထိခိုက်မှု ရှိတော့မှာဖြစ်ပါတယ်။ ကလပ်အသင်းပွဲစဉ်တွေ ပြန်လည် စတင်မယ့်အချိန်ကနေ အောက်တိုဘာလကုန်အထိ နှစ်ပတ်လောက်အတွင်း ခြောက်ပွဲလောက် ကစားရဖို့ ရှိနေတာကြောင့် လည်း ကစားသမား မစုံမလင်ဖြစ်တဲ့ဒုက္ခကို အသင်းတွေအနေနဲ့ ခါးစည်းခံကြရဦးမှာဖြစ်ပါတယ်။

ဒီထဲကမှ မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ နစ်နာမှုက အခြားအသင်းတွေထက် ပိုနိုင်တယ်လို့ ဆိုရမှာပါ။ မန်ယူက အစောပိုင်းမှာ တံကောက်ကြောဒဏ်ရာကြောင့် ပေါ့ဘာကို ခြောက်ပတ်လောက် ဆုံးရှုံးနိုင်တယ်လို့ ခန့်မှန်းထားပေမယ့် ခုတော့ သုံးပတ်လောက် အနားယူပြီးတာတောင် နောက်ထပ် နှစ်လကျော်လောက် ထပ်နားရဦးမယ်ဆိုတဲ့ အချိန်မှာပဲ တိုက်စစ်မှူး လူကာကူနဲ့ ပေါ့ဘာနေရာ အကောင်းဆုံးခြေစွမ်းပြ ကစားပေးနိုင်တဲ့ ဖယ်လိုင်နီ ဒဏ်ရာပြဿနာ ထပ်ကြုံခဲ့တာကြောင့် မော်ရင်ဟို ခေါင်းခဲရတော့မှာပါ။ ဖယ်လိုင်နီနေရာ ဟာရဲရားကို အသင့်အစားထိုးနိုင်ပေမယ့် လူကာကူနေရာကို ဘယ်သူအစားထိုးပေးနိုင်မလဲဆိုတာတော့ အတော်အခက်တွေ့မယ့် ကိစ္စရပ်ပါ။

ချယ်လ်ဆီးကလည်း တိုက်စစ်မှူး မိုရာတာကို ဆုံးရှုံးထားချိန် ကွင်းလယ်လူကန်တီလည်း နာသွားတာကြောင့် အဓိက ကစားသမားနှစ်ဦး မပါဝင်ဘဲ ကျပ်တည်းတဲ့ ပွဲစဉ်ဇယားကို ကျော်ဖြတ်ဖို့ကြိုးပမ်းရတော့မှာဖြစ်ပါတယ်။ ဖာဘရီဂတ်စ်လို ကစားသမားက ကန်တီနေရာကို အကောင်းဆုံး အားဖြည့်နိုင်တာ သံသယမရှိပေမယ့် မိုရာတာနေရာ ဘက်ရှူအာရီ အစားဖြည့်နိုင်ပါ့မလား ဒါကလည်း စဉ်းစားရမယ့် အချက်ပါ။

ချယ်လ်ဆီးကွင်းလယ်လူဟောင်း မိုက်ကယ်ဘောလက် ကတော့ မိုရာတာထက်ဆို ဘက်ရှူအာရီရဲ့ ခြေစွမ်းကို ပိုပြီးသဘောကျတယ်လို့ ပြောခဲ့ပြီး အဲဒီရက်သတ္တပတ်မှာပဲ အက်သလက်တီကိုအသင်းဘက်ကို ဘက်ရှူအာရီ အနိုင်ဂိုးသွင်းယူကာ ချယ်လ်ဆီးကို အောင်ပွဲခံစေခဲ့တာကြောင့်လည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုဆိုတော့မိုရာတာရဲ့ ဒဏ်ရာပြဿနာက ဘက်ရှူအာရီအတွက် အစွမ်းပြနိုင်ဖို့ အခွင့်အရေးလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် အာဆင်နယ်နောက်ခံလူ မူစတာဖီကလည်း ဂျာမနီက အဇာဘိုင်ဂျန်ကို အနိုင်ရတဲ့ပွဲမှာ ပေါင်ဒဏ်ရာရသွားခဲ့တာကြောင့် ယခု ရက်သတ္တပတ်ဟာ ပရီမီယာလိဂ်အသင်းတွေအတွက်တော့ အဓိကကစားသမားတွေ ဆုံးရှုံးတဲ့ ရက်သတ္တပတ် လို့ ဆိုရပါမယ်။

# အမြွာလေးတွေကြောင့် ပင်ပန်းတယ်လို့ဆိုလာတဲ့ ဘီယွန်းစေးနဲ့ ဂျေဇီး

ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ မောင်နှံနှစ်ဦးက မကြာသေးမီက မွေးဖွားခဲ့တဲ့ အမြွာရင်သွေးလေးနှစ်ဦးကြောင့် ပင်ပန်းနေရကြောင်းနဲ့ အိပ်ပျက်ညတွေများခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီသတင်းကိုတော့ ဘီယွန်းစေးနဲ့နီးစပ်သူတစ်ဦးက ဖွင့်ဟလာခဲ့တာဖြစ်ပြီး ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးနဲ့ ရက်ပ်တေးသံရှင် ဂျေဇီးတို့ဟာ ယခင်က အမြွာလေးတွေကို ထိန်းကျောင်းပြုစုရတာ အလွန်ခက်ခဲမယ်၊ စိန်ခေါ်မှုတွေများမယ်ဆိုတဲ့အကြောင်း မတွေးမိခဲ့ကြောင်းနဲ့ လက်တွေ့မှာတော့ ကလေးနှစ်ဦးမွေးခဲ့ပြီးနောက်မှာ အိပ်ဖို့တောင်ခက်ခဲတဲ့အခြေအနေတွေရှိခဲ့ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

အဆိုပါ ဂီတကြယ်ပွင့်မောင်နှံဟာ အမြွာလေးတွေမရရှိမီက သမီးတစ်ဦးမွေးဖွားထားပြီးဖြစ်ပါတယ်။ ဘလူးအိုင်ဗီလို့အမည်ရတဲ့ သမီးလေးကို မွေးဖွားခဲ့ရာမှာ လတ်တလောအချိန်အထိ ငါးနှစ်တာကာလအတွင်း အဆင်ပြေပြေစောင့်ရှောက်နိုင်ခဲ့တာကြောင့် ဘီယွန်းစေးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် မိခင်တစ်ဦးအဖြစ် ယုံကြည်မှုရှိကာ အားလုံးနားလည်ပြီလို့ထင်ခဲ့ပေမယ့် အမြွာလေးတွေဖြစ်ကြတဲ့ ရမ်မီနဲ့ ဆာကို မွေးဖွားခဲ့ပြီးနောက်မှာတော့ ကလေးနှစ်ဦးကို အပြိုင်စောင့်ရှောက်ရတဲ့အခြေအနေဟာ အံ့အားသင့်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ ယခင်က ကလေးတွေနဲ့ပတ်သက်ပြီး သူသိထားသမျှဟာလည်း အမြွာလေးတွေရလာချိန်မှာတော့ ထင်ထားသလိုမဟုတ်တော့ကြောင်းနဲ့ ဘီယွန်းစေးအနေနဲ့ အမြွာလေးတွေကို ထိန်းကျောင်းပျိုးထောင်ပေးရတာ နှစ်ယောက်စာကို တစ်ပြိုင်တည်းလုပ်ဆောင်ရမှာဖြစ်တာကြောင့် လွယ်ကူမှာမဟုတ်ကြောင်းတွေးထားခဲ့ပေမယ့် ယခုလက်တွေ့ တွေ့ကြုံရချိန်မှာလောက် ခက်ခဲမှာမဟုတ်ကြောင်း တွေးထင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာတော့ ယင်းအမြွာလေးတွေဟာ လေးလသားအရွယ်ရလာခဲ့ပြီဖြစ်ကာ ငယ်ရွယ်လွန်းတဲ့အရွယ်မှာပင် တစ်ဦးနဲ့တစ်ဦး မတူညီတဲ့စရိုက်တွေကို တွေ့မြင်နေရကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း လက်ထပ်ခဲ့ကြတဲ့ ဘီယွန်းစေးနဲ့ ဂျေဇီးတို့ဟာ လတ်တလောမှာတော့ သားသမီးသုံးဦးထွန်းကားခဲ့ပြီးဖြစ်ပါတယ်။ ပထမဆုံးမွေးဖွားခဲ့တဲ့ ရင်သွေးလေးကတော့ အသက်ငါးနှစ်ကျော်သွားခဲ့ပြီဖြစ်ကာ ပြီးခဲ့တဲ့ ဇွန် ၁၃ ရက်မှာ မွေးဖွားခဲ့တဲ့အမြွာလေးတွေကတော့ လေးလနီးပါးရှိပြီဖြစ်ပါတယ်။ အမြွာလေးတွေအနက် ဆာဟာ သားယောကျ်ားလေးဖြစ်ကာ ရမ်မီကတော့ သမီးလေးဖြစ်တာကြောင့် အဆိုပါ ကြယ်ပွင့်စုံတွဲဟာ လက်ရှိမှာ သမီးနှစ်ဦး၊ သားတစ်ဦး ထွန်းကားခဲ့ပြီးဖြစ်ပါတယ်။ အမြွာလေးတွေကို ထိန်းကျောင်းရတဲ့အတွက် ပင်ပန်းတယ်ဆိုပေမယ့် မောင်နှံနှစ်ဦးအကြားက ဆက်ဆံရေးကိုတော့ ပိုမိုခိုင်မာလာစေခဲ့ကြောင်းလည်း သိရပါတယ်။



အေးပြည့် – စုစည်းသည်

# Girls' Generation ရဲ့အဖွဲ့ဝင်သုံးဦးနုတ်ထွက်နိုင်



အက်စ်အမ်အန်တာတိန်းမန့်ရဲ့ လက်အောက်မှာ လှုပ်ရှားနေတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls' Generation ဟာ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း အဖွဲ့စတင်တည်ထောင်ခဲ့တာဖြစ်တာကြောင့် လက်ရှိမှာတော့ အနုပညာသက်တမ်း ဆယ်နှစ်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ မကြာသေးမီက အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အမှတ်တရအဖြစ် အထိမ်းအမှတ်အခမ်းအနားတွေကို ပြုလုပ်ခဲ့ကြပါတယ်။ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် ဆယ်နှစ်ကျော်ကြာရပ်တည်နိုင်ခဲ့တဲ့အဖွဲ့ဖြစ်တာကြောင့် သက်တမ်းအရှည်ဆုံးအဖွဲ့တစ်ဖွဲ့လို့လည်း ဆိုပါတယ်။ အဖွဲ့အများစုဟာ ခုနစ်နှစ်တာစာချုပ်အပြီးမှာ အဖွဲ့ဖျက်သိမ်းခဲ့တာ များပါတယ်။ ဒီလိုပထမဆုံးစာချုပ်သက်တမ်းကို ကျော်လွန်ကာ အတူတကွ ဆက်လက်ရပ်တည်လာခဲ့ကြတဲ့ Girls' Generation အဖွဲ့ဝင်တွေအနက် သုံးဦးကတော့ အဖွဲ့နဲ့လမ်းခွဲကာ တစ်ဦးတည်းရပ်တည်ပြီး အနုပညာခရီးရှေ့ဆက်တော့မှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁၀ ရက်မှာ တောင်ကိုရီးယားမီဒီယာတွေက Girls' Generationရဲ့ အဖွဲ့ဝင်သုံးဦးနုတ်ထွက်တော့မယ့်အကြောင်းကို ရေးသားဖော်ပြခဲ့ကြတာတွေ့ရပါတယ်။ အဖွဲ့ဝင်တွေအနက် တစ်ဖန်နီ၊ ဆိုယောင်းနဲ့ ဆိုးဟွန်တို့တွေဟာ နုတ်ထွက်မယ့်ကေပေ့ါပ်ကြယ်ပွင့်တွေဖြစ်နိုင်ကြောင်း အတွင်းစကားတွေအရ သိရတယ်လို့လည်း ဖော်ပြခဲ့ကြပါတယ်။ လက်ရှိမှာ အဖွဲ့ဝင်ရှစ်ဦးနဲ့ အနုပညာလှုပ်ရှားမှုတွေကို ပြုလုပ်နေတဲ့ Girls' Generation ဟာ အဖွဲ့ဝင်သုံးဦး နုတ်ထွက်ခဲ့ပြီးနောက် ငါးဦးသာကျန်ရှိမှာဖြစ်ပေမယ့် အဖွဲ့ကိုတော့ဖျက်သိမ်းသွားမှာမဟုတ်ကြောင်းလည်း သိရပါတယ်။

ကျန်ရှိနေတဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ တေးယွန်၊ ဟိုယွန်း၊ ဆန်နီ၊ ယွန်နနဲ့ ယူရီတို့ဟာ အေဂျင်စီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုသွားမှာဖြစ်ပြီး အဖွဲ့ဖျက်သိမ်းလိုကြောင်းကိုတော့ တစ်ဦးကမှ တောင်းဆိုလာခြင်း၊ ဖွင့်ဟခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။ အေဂျင်စီက အဖွဲ့ဝင်တွေအနက် မကြာမီမှာ အေဂျင်စီနဲ့ စာချုပ်သက်တမ်းကုန်ဆုံးမယ့်သူတွေရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် နုတ်ထွက်မယ့်သူတွေရဲ့ အမည်နဲ့အရေအတွက်အတိအကျကိုတော့ ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် အေဂျင်စီက ကျန်ရှိနေတဲ့အဖွဲ့ဝင်တွေအနေနဲ့ အဖွဲ့ဖျက်သိမ်းလိုတဲ့ ဆန္ဒမရှိကြောင်းနဲ့ Girls' Generation အဖွဲ့ဟာ အေဂျင်စီနဲ့ ပရိသတ်တွေအတွက် တကယ်ကိုအဓိပ္ပာယ်ရှိတဲ့အတွက် ဖျက်သိမ်းဖို့မတွေးတာမှန်ကြောင်းလည်း အေဂျင်စီက ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် အေဂျင်စီက အဖွဲ့ရဲ့ရှေ့ဆက်လုပ်ဆောင်သွားမယ့် အနုပညာခရီးနဲ့ပတ်သက်ပြီးလည်း အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးလုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

Girls' Generationအဖွဲ့နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ တစ်ဖန်နီ၊ ဆိုယောင်းနဲ့ ဆိုးဟွန်တို့ နုတ်ထွက်တော့မှာဖြစ်ပြီး သူတို့မှာ အနုပညာနဲ့ပတ်သက်တဲ့ သီးခြားရည်ရွယ်ချက်တွေရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့သုံးဦးစလုံးဟာ သရုပ်ဆောင်နယ်ပယ်ဘက်ကို အခြေချလိုကြတာဖြစ်တယ်လို့လည်း သိရပါတယ်။ နုတ်ထွက်မယ်လို့သတင်းတွေထွက်နေကြတဲ့သူတွေထဲမှာ တစ်ဖန်နီကတော့ အလားအလာအရှိဆုံးသူဖြစ်တယ်လို့ဆိုရမှာပါ။ သူဟာ အဖွဲ့နဲ့လမ်းခွဲတော့မှာဖြစ်ကြောင်း အရင်ကလည်း သတင်းတွေထွက်ခဲ့ဖူးပြီး မကြာသေးမီကလည်း အမေရိကန်ကို ရောက်ခဲ့တာတွေ့ရပါတယ်။ ဒ့ါအပြင် သူက အမေရိကန်နိုင်ငံမှာ အနုပညာလုပ်ငန်းတွေလုပ်ဆောင်လိုကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးသူ ဖြစ်ပါတယ်။

ဆိုယောင်းကတော့ သူ့ရဲ့အနုပညာခရီးကို သရုပ်ဆောင်နယ်ပယ်မှာသာ ခြေချချင်တာဖြစ်ပါတယ်။ လက်ရှိမှာလည်း သူဟာ ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး မကြာသေးမီက ထုတ်လွှင့်ပြသခဲ့တဲ့ သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်ကတော့ "Bad Thief, Good Thief " ဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ တေးဂီတပြဇာတ်တွေမှာ ပါဝင်သရုပ်ဆောင်ရင်း အချိန်တွေကုန်ဆုံးနေတာလည်း ဖြစ်ပါတယ်။

နုတ်ထွက်မှာဖြစ်ကြောင်း သတင်းတွေထွက်နေတဲ့ အခြား အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုယောင်းကတော့ သရုပ်ဆောင်နယ်ပယ်မှာသာ အနုပညာလှုပ်ရှားမှုတွေများနေတာဖြစ်ပါတယ်။ လက်ရှိမှာ ရုပ်သံအစီအစဉ်တွေနဲ့ ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး မင်းသမီးတစ်ဦးအဖြစ် အနုပညာခရီးဆက်လိုတာဖြစ်ပါတယ်။

# လီယောင်အေးရဲ့ရုပ်ရှင်သစ် "Different Dream"



မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေ ချန်ဂင်လို့အစွဲပြုခေါ်ဝေါ်ကြတဲ့ တောင်ကိုရီးယားရဲ့နာမည်ကကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ လီယောင်အေးဟာ ရုပ်ရှင်သစ်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး သူ့ရဲ့ရုပ်ရှင်သစ်ဟာ " Different Dream "လို့အမည်ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဇာတ်လမ်းတွဲရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Different Dream" ကို တောင်ကိုရီးယား ရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ ကေဘီအက်စ်ရုပ်သံလိုင်းက တာဝန်ယူရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်ဟာလည်း ရာဇဝင်ရုပ်ရှင်တစ်ကားဖြစ်တယ်လို့လည်း သိရပါတယ်။ လီယောင်အေးဟာ ရာဇဝင်ရုပ်ရှင်တွေနဲ့ စတင်နာမည်ကျော်လာခဲ့သူတစ်ဦးဖြစ်ပြီး အနှစ်နှစ်ဆယ်အတွင်း ပထမဆုံးသူပြန်လည်ရိုက်ကူးကာ ပြီးခဲ့တဲ့လအတွင်းက ထုတ်လွှင့်ပြသခဲ့တဲ့ သူ့ရဲ့ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Saimdang: Light's Diary"ဟာလည်း အလယ်ခေတ်ကို နောက်ခံထားတဲ့ ရာဇဝင်ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။

"Different Dream"ဟာ ကိုရီးယားရဲ့ ဂျပန်ကိုလိုနီခေတ်ကို အခြေပြုထားတဲ့ရုပ်ရှင်တစ်ကားဖြစ်ပြီး ဂျပန်လူမျိုးမိဘတွေရဲ့ ခေါ်ယူမွေးစားခြင်းခံခဲ့ရတဲ့ ခွဲစိတ်ဆရာဝန်တစ်ဦးရဲ့ ဘဝကို ပုံဖော်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ယင်းရုပ်ရှင်မှာ လီယောင်အေး ပါဝင်သရုပ်ဆောင်သွားမယ့် ဇာတ်ကောင်ဟာ လီယောင်ဂျင်လို့အမည်ရပြီး ယင်းဇာတ်ကောင်ဟာ ဂျပန်လူမျိုးမိဘတွေရဲ့မွေးစားခြင်းခံခဲ့ရတဲ့ ဂျိုဆွန်းနိုင်ငံသူတစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။

# မြို့ပြဖွံ့ဖြိုးရေးစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ထားဝယ် အောက်တိုဘာ ၁၀**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆွီဒင်နိုင်ငံ SKL Internation တို့ပူးပေါင်း၍ Swedish international Development Cooperation Agency (SIDA) မှ နည်းပညာအထောက်အပံ့ဖြင့် Symbio City Capacity Development project မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး SKL Internation Urban Specialist မှ Ms. Ohlsson Helena က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ Mr. Marts Jarnhamma u Symbio City နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားရာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းနိုင်ရန်နှင့် ဖွံ့ဖြိုးပြီးသားအရာများကို ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့ပြစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေသော အရာရှိများကို အချိန်တိုအတွင်း ဘာသာရပ်ဆိုင်ရာများကို လွယ်ကူချောမောစွာ နားလည်သဘောပေါက်စေရန် ရည်ရွယ်ပြီး ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်ပြီး ဘာသာရပ်ဆိုင်ရာပို့ချချက်များကို စိတ်ဝင်စားစွာ သင်ယူစေလိုပြီး မရှင်းလင်းသောအချက်များကို ပွင့်လင်းစွာမေးမြန်းဆွေးနွေးစေလို၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့များဖြစ်စေသည့်အတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံလက်ရှိအခြေအနေတွင် အရေးတကြီးလိုချက်တစ်ခုဖြစ်ပြီး မူဝါဒပံ့ပိုးမှုများအတွက် လိုအပ်ချက်ဖြစ်နေသည့် ရေရှည်တည်တံ့သောမြို့ပြဖွံ့ဖြိုးရေး၏အရေးပါမှုကို ပိုမိုသိမြင်နားလည်လာစေခြင်း၊ မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း၊ နေရာအခင်းအကျင်း၊ မြေယာအသုံးချမှုစီမံကိန်းရေးဆွဲခြင်း၊အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးလုပ်ငန်းသတ်မှတ်ခြင်းတို့ကို အလေးထားလျက် မြို့ပြစီမံကိန်းရေးဆွဲခြင်းအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊ စီမံကိန်းရေးဆွဲဖော်ထုတ်မှု၊ အကျိုးသက်ရောက်မှုဆန်းစစ်လေ့လာခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း၊ အခြေခံဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းနှင့် ထိန်းသိမ်းခြင်း၊ အဆောက်အအုံဆောက်လုပ်မှုထိန်းချုပ်ခြင်း၊ ယာဉ်လမ်းကြောင်းစီမံခန့်ခွဲခြင်း၊ အခွန်ကောက်ခံခြင်းစသည်တို့ဖြင့် စွမ်းရည်မြှင့်တင်ပေးခြင်း၊ မြို့ပြဆိုင်ရာအသိပညာဗဟုတနှင့်စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ရေရှည်ပံ့ပိုးပေးမှုကို သေချာမှုရှိစေခြင်းရည်ရွယ်ချက်ဖြင့် ဌာနဆိုင်ရာသင်တန်းသား၊ သင်တန်းသူ ၃၀ အား အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**





# ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် အောက်တိုဘာ ၁၀**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ကယားပြည်နယ်)က ကြီးမှူးကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ အားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်သည့် ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲကို အောက်တိုဘာ ၁၀ ရက်နံနက် ၈ နာရီက လှိုင်ကော်မြို့ ကန္ဒရဝတီဥယျာဉ်ရှိ ကျောက်သားရင်ပြင်၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါဆုတောင်းပွဲတွင် ဟိန္ဒူဘာသာမှ ဦးနီတရေး (ခ) ဦးစိုးငြိမ်း၊ ခရစ်ယာန်ဘာသာမှ ဖာသာခဲ့ဆိုဘရွှေ၊ အစ္စလာမ်ဘာသာမှ မော်လာနာအုမ္မာရ်းအလီ (ခ) ဦးတင်မောင်နှင့် ဗုဒ္ဓဘာသာမှ ဥတ္တရာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးဇိနေဘာသတို့က အသီးသီး ဆုတောင်းမေတ္တာပို့သကြသည်။

ယင်းနောက် ဆုတောင်းပွဲတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင် ဖော်ဆောင်နေသော ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလည်း အဆင်ပြေချောမွေ့နိုင်ပါစေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားများသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး၏ နှလုံးတွင် ကိန်းဝပ်၍ ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြပါစေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း မနာလိုစိတ်၊ ဝန်တိုစိတ်၊ မစ္ဆရိယစိတ်များ ကင်းဝေး၍ တစ်ဦးနှင့်တစ်ဦး ချစ်သောမျက်စိဖြင့် ရှုကြည့်နိုင်ကြပါစေ၊ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတောင့်တနေသည့် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိကာ သာယာဝပြောသည့် မြန်မာနိုင်ငံတော်ကြီး အမြန်ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါစေဟု သံပြိုင်ရွတ်ဆိုဆုတောင်းမေတ္တာ ပို့သကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# တိုက်ကြီးမြို့နယ်သစ်တောကြိုးဝိုင်းအတွင်း မီးကင်ထားသောတောဆင်ရိုင်းသားရေများတွေ့ရှိ

**တိုက်ကြီး အောက်တိုဘာ ၁၀**
တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အရှေ့ဘက် မိုင် ၄၀ အကွာ ဥက္ကံသစ်တောကြိုဝိုင်း အကွက်အမှတ် (၇၄) အဖျားဒေသခေါ် ကွမ်းမြောင်ကြိုးဝိုင်းတွင် အောက်တိုဘာ ၈ ရက်က မီးကင်ထားသော တောဆင်ရိုင်း သားရေများတွေ့ရှိကြောင်း တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်သူက ပြောသည်။

အဆိုပါ မီးကင်ထားသော တောဆင်ရိုင်း သားရေများအား မြိုင်ဟေဝန်ဆင်စခန်း အရေးပေါ်ဆင်ထိန်းသိမ်း စောင့်ကြည့်ရေးအဖွဲ့ (EEUR)၊ ကျောက်ပြုတ်အခြေပြုအဖွဲ့ ဦးထွန်းဇင်ခိုင်ခေါင်းဆောင်နှင့်အဖွဲ့ သစ်ထုတ်လုပ်ရေးဦးစီးဌာနမှ ပဲခူးရိုးမ တောအတွင်း ကင်းလှည့်စဉ် ပလတ်စတစ်အမိုးဖြင့် အုပ်ထားသော မီးကင်ထားသည့် ဆင်သားရေများတွေ့ရှိခြင်းဖြစ်သည်။

